December 2004, **Issue 26** အမှတ် ၂၆

# Health ကျန်းမာရေး MESSENGER စေတမာန်



## General Health
အထွေထွေကျန်းမာရေး

**Micronutrients**
အသေးစားအာဟာရ

**Malnutrition and Infection**
အာဟာရချို့တဲ့မှုနှင့်ကူးစက်ရောဂါ

## Treatment
ကုသခြင်း

**Growth Monitoring**
ကြီးထွားမှုအား တိုင်းတာခြင်း

## Health Education
ကျန်းမာရေးပညာပေး

**Balanced Diet**
မျှတသောစားနေကျ အစားအစာ

**Breast Feeding**
မိခင်နို့တိုက်ကျွေးခြင်း

# Nutrition
# အာဟာရ

# Contents

Issue 26, December 2004
အမှတ် ၂၆ ဒီဇင်ဘာလ ၂၀၀၄ ခုနှစ်

Health MESSENGER ကျန်းမာရေး စေတမာန်

## General Health အထွေထွေကျန်းမာရေး

### Underlying causes of malnutrition

**Why health workers should feel concerned by nutritional issues?** By Health Messenger Magazine
u,e;rma&;0exr;rm;onbma'umi tm[m&uPrm;Eiywouoion [cpm;&ov? u,e;rma&;apwrme t z| ............ 2

**Misconceptions Concerning Nutrition: Voices of Community Health Educators and TBAs along the Thai-Burmese Border** Health Messenger Magazine in collaboration with NHEC/BMA and ARC
vrm;aom t ,lt qrm;Ei tm[m&| xi; - jrerme , py&vlx u,e;rma&;ynmay;0exr;rm;Ei&;&mvuo , rm;. to
u,e;rma&;apwrme t z| ( t ie/ t wc/ t ;/ p/ b/ t r/ a t ) Ei (a t / t m/ p) ............ 8

**Micronutrients: The Hidden Hunger** By Andrea Menefee, TBBC.
AuwmriEioU"|wrm; - rawjriEiaomqmavnir t e'&&m reez; w/ b/ b/ p ............ 13

**Iron Deficiency Anaemia** By Dr Elisbetta Leonardi Nield, Mae Tao Clinic
o"|wcd|waomao; t m;en;a&m*|a'|uwm t , vpbu/ v , emx e;v r , awmaq;ce; ............ 26

**The Vicious Circle of Malnutrition and Infection** By Health Messenger Magazine
t m [ m&cd|wrEi u;pua&m*|oo&mvny u,e;rma&;apwrme t z| ............ 30

## Treatment ကုသခြင်း

**IDENTIFYING MALNUTRITION** ACF Myanmar
t m [ m&cd|wr t m;az:xwjci; a t p t uz/ jrerm ............ 42

**MANAGEMENT OF ACUTE SEVERE MALNUTRITION** Dr. Elisabetta Leonardi Nield, Mae Tao Clinic
&ww&ujyi;xeaom t m [ m&cd|wr t m;jylpu oay;jci; a'|uwm t vZbu v , em' e;v/ r , awmaq;ce; ............ 51

**GROWTH MONITORING: THE BEST PREVENTION** Andrea Menefee, TBBC
}u;xm;rwi;wmjci;/ tauni;q;umu , r t e'& , m reez;/ wbbp ............ 64

**Fortified Flour for Refugees living in the camp** Elizabeth Mie Mar, TBBC - Nutrition Program
'Qonpce;wiaeaomolrm; twu t i t m;jznxm;on "|wpre| t vzburrm/ wbbp - t m [ m& t p t p0 ............ 74

**Making Blended Flour at Local Level.**
**The example of MISOLA Flour in Africa** Health Messenger Magazine
a&maEmxm;on t pmrm;uae&ma'o t vuxwvyjci;
t mz&uwur rpvm "|wpre| u,e;rma&;apwrme ............ 80

## Health Education ကျန်းမာရေးပညာပေး

**Pregnancy and Nutrition** Health Messenger Team
u , 0eaqmijci;Ei tm[m& u,e;rma&;apwrme ............ 84

**Breastfeeding** Health Messenger Magazine
rciE|wujci; u,e;rma&;apwrme t z| ............ 90

**WHEN RICE SOUP IS NOT ENOUGH:**
**First Foods - the Key to Optimal Growth and Development** Andrea Menefee, TBBC
xri;&nravmuiaom t c| Ei yxrq; t pm; t pmrm; -
}u;xm;ci;Ei z|z|;ci;. t "uaomcu t e'&&m reez;/ b bp ............ 96

**BUILDING A BALANCED DIET FOR GOOD HEALTH** Andree Menefee, TBBC
auni;reaomu,e;rma&;Eirwaompm;aeu;t pm t e'&&m reez;/ wbbp ............ 104

## From the Field ဖြစ်ရပ်လေ့လာခြင်း

**How Sanetun became a malnourished child?** Health Messenger Magazine
paexe; bma:umi t [ m&cd|wn aomuav;jzpvm&ov u,e;rma&;apwrme t z| ............ 110

# အယ်ဒီတာ့အာဘော်

ချစ်ခင်လေးစားအပ်သောစာဖတ်ပရိသတ်များခင်ဗျား
စာဖတ်ပရိတ်သတ်၏ ယခုလက်ထဲတွင်ရောက်ရှိနေသော ကျန်းမာရေးစေတနာမန်မဂ္ဂဇင်းသည် မြန်မာနိုင်ငံနှင့်ဒုက္ခသည်စခန်းများတွင်နေထိုင်သူများတို့အတွက်၊ ၄င်းတို့နှင့်ပတ်သက်လျက်ရှိနေသည့်အာဟာရအကြောင်းများကို၊ ရည်စူးဖော်ပြထားပါသည်။ ဆင်းရဲခြင်းနှင့်နေရာရွှေ့ပြောင်းရခြင်းတို့ကြောင့် လူအတော်များများသည်အစားအသောက်မျိုးစုံကိုလက်လှမ်းမီရန်ခက်ခဲပါသည်။

လူအများစု၏အာဟာရအခြေအနေကိုတိုးတက်ကောင်းမွန်အောင်လုပ်ခြင်းသည်အလွန်ခက်ခဲသောလုပ်ရပ်တစ်ခုဖြစ်သည်။ ဤကဲ့သို့ခက်ခဲခြင်းသည်ဖေါ်ပြလုပ်ငန်းလုပ်ရန်အတွက်အစားအစာကွင်းဆက်တစ်ခုခြင်းကိုအရေးယူဆောင်ရွက်ရသောကြောင့်ဖြစ်သည်။ ဆိုလိုသည်မှာအစားအစာစိုက်ပျိုးရေးမှအစပြုပြီးလူတို့၏ စားဝတ်နေရေး ကိစ္စများအထိဆောင်ရွက်ရခြင်းကြောင့်ဖြစ်သည်။ အထက်ပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကျန်းမာရေး နှင့် လူမှုရေးလုပ်သားတို့သည်အနည်းငယ်မျှသာ ပါဝင်လုပ်ကိုင်နိုင်သောကြောင့်လည်းဖြစ်သည်။ သို့သော်သူတို့သည်အာဟာရချို့တဲ့မှုကိုကာကွယ်ရန်နှင့်ဦး စွာပထမတွေ့ရှိနိုင်သောအာဟာရ ချို့မှုလက္ခဏာများကိုရှာဖွေရာတွင် အဓိကအခန်းမှပါဝင်လုပ်ဆောင်နိုင်ကြသည်။ ယခုလက်ရှိ ထုတ်ဝေလိုက်သည့်ကျန်းမာရေးစေတနာမန်သည်အာဟာရနှင့်ပတ်သက်ပြီးအရေးကြီးသောကျန်းမာရေးပညာပေးကိစ္စလုပ်ဆောင်နိုင်ရန်အထွေထွေလမ်းညွှန်မှုများ နှင့် စောလျင်စွာအာဟာရချို့တဲ့မှုကိုဖေါ်ထုတ်ကုသ ပေးနိုင်ရန်စီ စဉ်ပေးပါလိမ့်မည်။ ထို့အပြင် ဤမဂ္ဂဇင်း၏နောက်ဆုံးတွင်ယောက်ျားလေး နှင့်မိန်းကလေးငယ်များအတွက် ကြီးထွားမှုတိုင်းတာခြင်းပုံပြကားချပ်ပြားပိုစတာကိုလည်း ဖြည့်စွက်ထည့်သွင်းထားပါသည်။

ကျန်းမာရေးစေတနာမန် မဂ္ဂဇင်း၏ ၁၀ နှစ်မြောက်မွေးနေ့တွင်ပုံစံဒီဇိုင်းအသစ်ဖြင့်ထုတ်ဝေပါမည်။ အဆိုပါပုံစံနှင့်ဒီဇိုင်းအသစ်သည်ဖတ်ရှုရန်ပိုမိုလွယ်ကူပြီး စိတ်ဝင်စား စရာကောင်းပါလိမ့်မည်။ နှစ်ပတ်လည်အတိုမေးခွန်းလွှာ၏အဖြေစာရွက်နှင့်အကြံပြုဝေဖန်စာကိုပြန်လည်ပို့ပေးရန်လက်မနှေးသင့်ပါ။

**ရွှင်လန်းစွာဖတ်ရှုနိုင်ကြပါစေ**

ဒေါက်တာသန်း
ဆေးပညာအယ်ဒီတာ

# Editorial



The present issue of Health Messenger Magazine in your hands is dedicated to nutrition, a major source of concern both in the camps and in Burma, where many people have a restricted access to a variety of foods, due to poverty and displacement.

Improving people's nutritional status is a difficult task, as it necessitates to undertake actions at each stage of the food chain: from the agricultural system to people's livelihoods. And on these aspects, health and social workers can bring little input. However, health and social workers have a major role to play in preventing malnutrition and detecting its first clinical signs. This issue of Health Messenger will therefore provide them with essential health education tools on this topic and with general guidelines for early recognition and management of malnutrition. In addition, a detachable poster with growth charts for boys and for girls has been included at the end of the magazine.

We also took the opportunity of its tenth birthday to redesign the Health Messenger Magazine. With its new format and graphic chart, Health Messenger should be easier to read and more attractive. Do not hesitate to send us your feedback on this, together with your answers to the annual quiz!

**Enjoy your reading,**

Dr Than
Medical Editor

**Aide Medicale Internationale**
Mae Tao Road, Mae Sot, Tak, 63110
**Mobile:**06-744-3387 **Email:** hmess@loxinfo.co.th

The procedures, explanations and treatments in this publication are based on research and consultation with medical and nursing authorities. They all reflect accepted medical practices. Nevertheless they cannot be considered as absolute and universal recommendations. The authors, the editor and the publisher disclaim responsibility for any adverse effects resulting directly or indirectly from the suggested procedures, from any undetected errors, or from the reader's misunderstanding of the text

Editor/အယ်ဒီတာ Dr. Than Editor Advisors/အယ်ဒီတာ့အကြံပေးပုဂ္ဂိုလ်များ Marie-Theres Benner, Verena Carava, Dr. Nicholas Durier, Elisabeth Emerson, Lalana Krevethal, Htaw Lin, Elisabeth Leonardi, Catherine Loire, Mam (ARC-International), Dr. Cynthia Maung, Andrea Menefee, Dr. Jonathan Nield, Dr. Fancis Nosten, Pranee Ontawong, Ian Small, Jamie Uhrig, Saw Aung ThanWai Project Coordinator/ညှိနှိုင်းဆောင်ရွက်သူ Julie Billaud Administrator/အုပ်ချုပ်ရေးမှူး Panyanuch Promngam Distribution Manager/ဖြန့်ချိရေးမန်နေဂျာ Manit Tipbanjongsuk

# ကျန်းမာရေးဝန်ထမ်းများသည်ဘာကြောင့် အာဟာရကိစ္စများနှင့်ပတ်သက်သင့်သည်ဟုခံစားရသလဲ။

ကျန်းမာရေးစေတမန်အဖွဲ့



***ဤဆောင်းပါးသည် ဒုက္ခသည်စခန်းများတွင်ဖြစ်များသည့် အာဟာရနှင့်ပတ်သက်သောပြဿနာများကို ဖော်ပြထားပြီးထိုသို့ဖြစ်စေသောအကြောင်းရင်းများကိုလည်းတင်ပြထားပါသည်။***

တချို့သောလတ်တလောပြုလုပ်ခဲ့သည့်စစ်တမ်းများအရဒုက္ခသည်စခန်းများတွင်ကလေးများ၏နာတာရှည်အာဟာရချို့တဲ့မှုသည် အရေးကြီးကြောင်းပြသခဲ့ပါသည်။ထိုင်း-မြန်မာနယ်စပ်တလျောက်တွင်ရှိ သောဒုက္ခသည် စခန်းများတွင်နာတာရှည်အာဟာရ ချို့တဲ့မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းရှိသည်။ ထိုင်း နိုင်ငံနှင့်မြန်မာ နိုင်ငံတို့တွင် ၁၆ နှင့် ၃၇ ရာခိုင်နှုန်းအသီးသီးရှိသည်။ ဒုက္ခသည်စခန်းများတွင်နေသောကလေးများ၏ နိမ့်ကျသောအာဟာရအခြေအနေသည်ဒုက္ခသည်များအားပေးဝေသောအစားအစာများတွင်ဗိုက်တာမင်နှင့်သတ္တုဓါတ်များချို့တဲ့နေသောကြောင့်တစ်စိတ်တပိုင်းဖြစ်သည်။ တချို့လည်းထပ်ဖြည့်မစားနိုင်ခြင်းကြောင့်ဖြစ်သော်လည်း တချို့မှာအာဟာရချို့တဲ့သောကလေးများကိုစောလျင်စွာရှာဖွေခြင်းမပြုနိုင်သောကြောင့် ဖြစ်သည်။

**ထိုင်း-မြန်မာနယ်စပ်တလျောက်တွင်ရှိသောဒုက္ခသည်စခန်းများတွင်နာတာရှည်အာဟာရချို့တဲ့မှုနှုန်းသည် ၃၅ ရာခိုင်နှုန်းရှိသည်။**



## အာဟာရချို့တဲ့ခြင်း၏အကြောင်းရင်းများ

လူအများစုသည်အကြောင်းအမျိုးမျိုး ကြောင့် အာဟာ ရချို့တဲ့ရပေသည်။ အဆိုပါအကြောင်းများကိုအုပ်စု ၃ ခုခွဲပြီး၊ အခြေခံအကြောင်းများဟုခေါ်ဆိုနိုင်သည်။ အဆိုတို့မှာ၊

– အစားအစာစိတ်မချရမှု (အစားအစာမရနိုင်ခြင်း၊ မပြည့်စုံခြင်း)

–ကျန်းမာရေးညံ့ဖျင်းသောပတ်ဝန်းကျင် (ကျန်းမာရေးစောင့်ရှောက်မှုနှင့်ရေ၊ သန့်ကိစ္စများလုံလောက်မှုမရှိခြင်း)

– ညံ့ဖျင်းသောလူမှုရေးနှင့်ပြုစုစောင့်ရှောက်မှုအလေ့အကျင့်(တန့်စ်အောက်နှင့်ကလေးငယ်များကျွေးမွေးမှုသို့မဟုတ်စောင့်ရှောက်မှုတို့ပါဝင်သည်)

## အစားအစာစိတ်ချရစေမှု

လူအများနေရာပြောင်းရွှေ့ခြင်းနေရာကျဉ်းကျပ်တွင်နေရခြင်း၊ စခန်းအတွင်း၊ အပြင်ထွက်ခွင့်မပြုခြင်းတို့ကြောင့်အစားအစာကိုဈေးများတွင်ဝယ်ယူရန်နှင့်ရောင်းချရန်နည်းလမ်းများမရှိဘဲဖြစ်ရပါသည်။ ဤပုံစံမျိုးတွင်၊ အစားအစာရရှိကိုလစဉ်ရိက္ခာအခြောက်ဝေငှပေးခြင်းဖြင့်ထိန်းပေးနိုင်သည်။ သို့သော်လူအများအတွက်လတ်ဆတ်သောအစားအစာထပ်ဆောင်းပေးမှုမပါဝင်ပေ။

ဒုက္ခသည်များအားပေးဝေသောတစ်လအတွက်ရိက္ခာတွင်ဆန်၁၆ ကီလိုဂရမ်၊ အဝါရောင်ပဲ ၁.၅ ကီလိုဂရမ်၊ ပဲပုပ်ဆီ တစ်လီတာ၊ ငါးပိ တစ်ကီလို၊ အိုင်အိုဒင်းဆား ၃၃၀ ဂရမ် နှင့် ငရုတ်သီးအခြောက် ၁၂၅ ဂရမ်ပါဝင်သည်။ ဖျမ်းမျှအားဖြင့်တစ်ဦး အတွက်တစ်နေ့လျှင် ၂၂၅၀ ကယ်လိုရီပါရှိသည် (ကာဗိုဟိုက်ဒရိတ် ၈၉ ရာခိုင်နှုန်း၊ ပရိုတင်း ၈ ရာခိုင်နှုန်းနှင့်အဆီ ၁၃ ရာခိုင်နှုန်း)။ ၅ နှစ် အောက်ကလေးများသည်အထက်ပါရိက္ခာ၏ဆက်စပ်ကိုရရှိသည်။ ထောက်ပံ့သောရိက္ခာသည်အိမ်ထောင်စုဝင်အများစု၏အဓိကအစားအစာဖြစ်သည်။ ထောက် ပံ့ပေးမှုမဟုတ်သည့်ရိက္ခာသည် အနည်းငယ်မျှသာရှိသည်။ (မှုရင်းကိုးကားချက်။ Food and Nutrition Bulletin, 360-366, vol. 24, no. 4, 2003) ၂၀၀၄ ခုနှစ်တွင်၊ ထိုင်း၊ မြန်နယ်စပ်ကော်မီတီသည် ဓါတ်စုံအာဟာရမှုန့်ကိုဒုက္ခသည်များအားဖြန့်ဝေသည့်ရိက္ခာတွင်ဗိုက်တာမင် နှင့် သတ္တုဓါတ်များ ချို့တဲ့မှုကိုအထောက်အကူပြုနိုင်စေရန်ဝေငှပေးခဲ့သည်၊ အဆိုပါဓါတ်စုံမှုန့်သည် အလွယ်တကူအသုံး ပြုနိုင်သည့်ကလေးငယ်များ အတွက်ရှေးဦးအစားအစာလည်းဖြစ်သည်။ ရိက္ခာအသစ်ပေးဝေမှုကြောင့်ဆန်ကိုလူတစ် ယောက်၊ တစ်လတွက်ကို ၁၆ အစား ၁၅ ကီလို သာပေးတော့သည်။ စခန်း ၉ခု အနက် ၇ခု ကိုရိက္ခာဝေမှုအသစ်ဖြင့်စတင်ပြီးဖြစ်သည်။

ဓါတ်စုံမှုန့်ဝေပေးသောကြောင့်အသေးစားအာဟာရချို့တဲ့မှုအပြင်နာတာရှည်အာဟာရချို့တဲ့မှုကိုဦးတည်မိသော်လည်း ဗိုက်တာမင် ဘီ ၁ ချို့တဲ့မှုဆက်လက်ရှိနေပြီးဗိုက်တာမင်အေကိုလည်းစိုးရိမ်ရသောအုပ်စုများကို ဆက်လက် ဖြည့်

# Why health workers should feel concerned by nutritional issues?

By Health Messenger Magazine

***This article is an overview of the most important nutritional problems encountered in the camps and presents the underlying causes of malnutrition.***

Some recent nutrition surveys conducted in the camps have highlighted the importance of chronic malnutrition among children. In all the camps located along the Thai-Burmese border, rates of chronic malnutrition reach 35.7 % as compared to an overall rate of 16 % in Thailand and 37 % reported for Burma. The poor nutritional status of children living in the camps is partly due to micronutrients deficiencies in the food provided in the General Food Basket, to the marginal ability of most refugees to complement the ration but also to the lack of early recognition of malnourished children.




## The Underlying Causes of Malnutrition

There are a lot of reasons why people become malnourished, and we group these reasons into three categories, called "Underlying causes". These underlying causes include:

"Food insecurity" (not being able to access available or/and adequate food).

"Poor health environment" (limited access to health services and water/sanitation).

"Poor social and caring practices" (including some habits for feeding infants and young children, or taking care of mothers).

## Food security

People's displacement and their living in a limited space, with restricted possibilities to move in and out of the camp mean that a lot of the ways that people produced and accessed food through the markets have been disrupted. In this particular context, food accessibility has been maintained through the monthly distribution of dry rations (but does not include the addition of fresh foods for many people).

The General Food Basket (rations) distributed monthly to refugees is composed of 16 kg of rice, 1.5 kg of split yellow hulled mung beans, 1 liter of soybean oil, 1 kg of fish paste, 330 gm of iodized salt, and 125 g of dried chil-

**In all the camps located along the Thai-Burmese border, rates of chronic malnutrition reach 35.7 %**

“အစားအစာစိတ်ချရမှုတွင်အစားအစာကိုလက်လှမ်းမီမှု (ဝယ်ယူနိုင်ခြင်းအပါအဝင်)၊ အစားအစာရရှိမှု သို့မဟုတ်ပြည့်စုံမှုနှင့် အချိန်အတိုင်းအတာတစ်ခုအထိ အစားအစာပံ့ပိုးမှုတည်ငြိမ်ခြင်းတို့ပါဝင်သည်။ အဆိုပါကိစ္စတွင်၊ အရည်အသွေး၊ အစားအစာစိတ်ချရမှု မျိုးစုံနှင့် သဘာဝစီဝအာဟာရ သုံးစွဲမှုတို့ပါဝင်သည်” ။

ကိုးကားချက်။ ။ *The Sphere Project. Humanitarian Charter and Minimum Standards in Disaster Response. 2004*

“ကျန်းမာဖြိုးတက်ကြွသောဘဝရရှိစေရန်လိုအပ်သောအစားအစာကိုလူအများ အချိန်တိုင်းရရှိပြီး၊ လုံလောက်သော၊ စိတ်ချရသော အာဟာရပြည့်စုံသောအစားအစာဖြစ်ရမည်။ အဆိုပါကဲ့သို့ပြည့်စုံမှုသာ အစားအစာစိတ်ချရမှုရှိသည်ဟုဆိုရပေမည် ”

ကိုးကားချက်။ ။ (အက်ဖ်၊ အေ၊ အို)

ထွက်စေရမည်။ သံဓါတ်ချို့တဲ့သော သွေးအားနည်းရောဂါသည်လူထုထဲတွင်အလွန်အဖြစ်များသောရောဂါဖြစ်သည်။ (ကိုးကား။ ။ The American Society for Nutritional Sciences J. Nutr. 133:4143 - 4149, December2003)။ နာတာရှည်အာဟာရချို့တဲ့မှုကို ကျန်းမာရေးဝန်ထမ်းများလျော့တွက်လေ့ရှိသော်လည်း ဆက်တွေ့နေရသည်။

ဓါတ်စုံနှံ့အာဟာရသည်ပြဿနာ၏အစိတ်အပိုင်းတစ်ခုကိုသာဖြေရှင်းနိုင်မည်ဖြစ်ရွေ့အနေဖြင့်အခြားဖြေရှင်းနိုင်မည့်နည်းလမ်းများကိုရှာဖွေသင့်သည်။ ဥပမာ၊ အသီးပင်များစိုက်ပျိုးခြင်း၊ နောက်ဖေးဖိုချောင်ခြံငယ်ကလေးများပေါ်ပေါက်စေခြင်းနှင့် ဗိုက်တာမင် (အေ၊ ဘီ ၁ နှင့် သံဓါတ်) တို့ကိုလည်းဝေငှသင့်သည်။

## ကျန်းမာခြင်းနှင့်ကျန်းမာသောပတ်ဝန်းကျင်

ဒုက္ခသည်စခန်းများတွင်နေကြသူများသည်ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကိုလွယ်ကူစွာလက်လှမ်းမီသည်။ သို့သော်ကျန်းမာရေးဌာနများတွင်အကောင်အထည်ဖေါ်သော အာဟာရဖြည့်တင်းမှုအစီအစဉ်နှင့်ကြီးထွားမှုတိုင်းတာရေးအစီအစဉ်များအကောင်အထည်ဖေါ်မှုတို့သည်ဆက်လက်ပြီးနိမ့်ကျလျှက်ရှိသည်။

## ကြီးထွားမှုတိုင်းတာလေ့လာခြင်း (ကြီးထွားမှုကာဒ်ပြားတွင်ကြည့်)

ဒုက္ခသည်စခန်းအားလုံးတွင်ကလေးများအား ၁၂လ ရောက်သည်အထိတစ်လလျှင်တစ်ကြိမ် ဆေးခန်းသို့ခေါ်ပြီး ကိုယ်အလေးချိန်နှင့်အရပ်အမြင့်တို့ကိုစစ်ဆေးပေးသည်။ အကြံပေးလိုသည်မှာ ၃၆လအထိစစ်ဆေးပေးရန်ဖြစ်သည်။ ဆက်လက်၍အာဟာရချို့တဲ့သောကလေးတို့အားအိမ်တိုင်အိမ်ရောက်သွားရောက်ပြီးကြီး ထွားမှုတိုင်းတာသင့်သည်။ တချို့စခန်းများတွင်အိမ်တိုင်အိမ်ရောက်ကြည့်ရှုပေးသူများသည်လက်မောင်းလုံးပတ်တိုင်း၍ရှာဖွေကြပြီးဆေးခန်းသို့ပို့ပေးကြသည်။ သတ်မှတ်ထားသောအတိုင်းအတာဆက်နည်းသောကလေးများအားကိုယ်အလေးချိန်နှင့်အရပ်အမြင့်တို့စစ်ဆေးပေးသည်။ တစ်ခုတိုးပြီးလုပ် သင့်သည်မှာအလယ်ညွှန်း ကိန်း (မီဒီယံ) ရာခိုင်နှုန်းအစားဇက်-အညွှန်းကိုအသုံးပြုပြီးရုတ်တရက် သို့မဟုတ်နာတာရှည်အာဟာရချို့တဲ့သောကလေးများကိုရှာဖွေရန်ဖြစ်သည်။ ဇက်-အညွှန်းသည်ပိုမိုတိကျပြီးကျန်းမာရေးဝန်ထမ်းများအနေဖြင့်ပိုမိုကောင်းမွန်သောစောင့်ကြပ်ကြည့်ရှုမှုကိုပေးနိုင်သည်။

ကြီးထွားမှုတိုင်းတာလေ့လာခြင်း သည်ကလေးများ၏ကျန်းမာရေးနှင့်ရှင်သန်ရေး အတွက်အလွန်အရေးပါသောအချက်ဖြစ်သည်။ ရုတ်တရက်အာဟာရချို့တဲ့ပြီးအလွန်မဆိုးရွားမီကလေးများအားရှာဖွေပြီး ကုသရန်အတွက်လည်းအသုံးပြုနိုင်သည်။

## ဖြည့်စွက်ကျွေးမွေးခြင်းအစီအစဉ်

အဆိုပါအစီအစဉ်တွင်ကိုယ်ဝန်ဆောင်မိခင်များနှင့်နို့တိုက်မိခင်များအတွက်နှစ်ပေါင်းများစွာမှအစပြုပြီးစခန်းများတွင်ဆောင်ရွက်ပေးခဲ့သည်။ အစီအစဉ်တွင်အစားအစာများဝေငှခြင်းနှင့်ဗိုက်တာမင် ဘီ ၁ ကို ၉၀ တိုင်တိုင်ထောက်ပံ့ပါသည်။ သို့သော်အဆိုပါအစီအစဉ်၏ ရောင်ပြန်ဟပ်အကျိုးရှိမှုရှိမရှိကို ပုံ မှန်တိုင်းတာခဲ့ခြင်းမရှိခဲ့ပေ။ ထိုအပြင်အမျိုး သမီးများ ကိုအစီအစဉ်မစမီအာဟာရချို့တဲ့မှုကိုစစ်ဆေးကာသမှုမျိုး ယခုတိုင်မရှိခဲ့ဘူးပါ။ အဆုံးသတ်ဆိုရသော်၊ ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအတွက်ဖြည့်စွက်စာကျွေးမွေးခြင်းအစီအစဉ်သည်ရေရှည်အတွက်ပြဿနာဖြေရှင်းသည့်အစီအစဉ်မဟုတ်ပေ။

ခြုံပြောရလျှင်ရုတ်တရက်အာဟာရချို့တဲ့မှုနှုန်းဆက်လက်၍နည်းနေပါသည်။ သို့သော်အချို့ကျန်းမာရေးဌာနများတွင်မြင့်မားနေသေးသည်။ ကျန်းမာရေးဝန်ထမ်းတချို့သည်၁နှစ်မှ ၃နှစ်ကလေးများအားကြီးထွားမှုတိုင်းတာမှုကိုစံနှစ် တကျလုပ်မိရပ်မှုလုပ်မိလိမ့်မည်။ ထိုအကြောင်းများကြောင့်လည်းရုတ်တရက်အာဟာရချို့တဲ့မှုနှုန်း ခန့်မှန်းချက်နည်းသည်ကိုတွေ့ရခြင်းဖြစ်နိုင်သည်။

## လူမှုရေးနှင့်ပြုစုမှုအလေ့အကျင့်

မိခင်ပလာသ၊ အရပ်ဓလေ့များနှင့်လူမှုရေးထုံးစံများအ

## Growth monitoring

ies, averaging 2,250 kcal per person per day (79% carbohydrates, 8% protein and 13% fat). Children under five years of age receive one-half the amount of rice, beans and oil. Ration foods constitute the main source of foods for many households, while non-rations food is only marginally accessible (Food and Nutrition Bulletin, 360-366, vol. 24, no. 4, 2003). In 2004, the TBBC (Thailand Burma Border Consortium) began the introduction of fortified blended food in the GFB, in order to compensate for micronutrients deficiencies and to provide an easy to use first food for young children. Because of the inclusion of a new ration item, TBBC reduced the rice provided by 1 kg to 15 kg/person/month. Thus far, 7 of the 9 camps have been implemented with this new ration.

It is hoped that the inclusion of blended food will partly address the problem of chronic malnutrition in addition to micronutrient deficiencies. However, Vitamin B1 deficiency persists and Vitamin A must be supplemented to vulnerable groups. Iron deficiency anemia is very common in the population (The American Society for Nutritional Sciences J. Nutr. 133:4143-4149, December 2003). Chronic malnutrition is a considerable problem often underestimated by health workers.

Because the blended food will only partly address the problem, some other solutions should be found in the future, like growing fruit trees, developing kitchen gardens and distribution of vitamin A, Vitamin B1 (low dose) and Iron.

## Health and the Health Environment

Most of the camps' residents have an easy access to water and sanitation and to health care services. However, the efficiency of the feeding programs together with growth monitoring activities implemented at Health Center level remain low in many ways.

## Growth monitoring

*(see growth charts)*

In all camps, children are called to the clinic each month to check weight and height, until 12 months. The recommendation is to call them until they are 36 months. In addition, malnourished children should be followed up at home by home visitors to monitor their growth. In some camps, home-visitors detect and follow-up on malnourished children using Middle Upper Arm Circumference (MUAC), and refer them to the clinic. Those children who are below the cut-off are referred to the clinic for a further check of weight and height. One improvement that SHOULD be made is to use z-scores instead of % median to detect those children who are either acutely or chronically malnourished – z-scores provide a more accurate measure and health workers can then conduct better surveillance.

Growth monitoring is an important component of child survival and health programs in order to catch and treat those children who may be becoming acutely malnourished before it becomes severe.

**"Food security includes access to food (including affordability), adequacy of food supply or availability, and the stability of supply and access over time. It also covers the quality, variety and safety of food, and the consumption and biological utilization of food"**

The Sphere Project. Humanitarian Charter and Minimum Standards in Disaster Response. 2004

**"Food security exists when all people, at all times, have physical and economic access to sufficient, safe and nutritious food to meet their dietary needs and food preferences for an active and healthy life"**

FAO

ရာတစ်နှစ်အောက်နှင့်ကလေးငယ်များအားကျွေးမွေးပြုစုရာတွင်လည်းကလေးများအာဟာရချို့တဲ့မှုကိုဖြစ်ပေါ်စေနိုင်သည်။ စခန်းများတွင်ပြုလုပ်ခဲ့သောလေ့လာမှုစစ်တမ်းများ အရတွေ့ရသည်မှာ၊

– ၃၀ ရာခိုင်နှုန်းသောကလေးအသက် ၆ လ အထိမိခင်နို့တစ်မျိုးတည်းတိုက်ကြသည်။

– ၃၄ ရာခိုင်နှုန်းသောကလေးတို့သည်အသက် ၄လ မတိုင်မီမှာသော အစားအစာကျွေးကြသည်။

– ၃ ပုံလျှင် ၂ ပုံခန့်သောကလေးတို့သည် တစ်နေ့လျှင် အစားအစာ ၃ ကြိမ်ထက်နည်းပြီး စားရသည်။

– ၄ ရာခိုင်နှုန်းသာလျှင်တစ်နေ့ ၄ ကြိမ် ညွှန်ကြားသည့်အတိုင်းကျွေးသည်။





အမျိုးသမီးများသည်လည်းအစဉ်အမြဲကျန်းမာနေစေရန်အတွက် နှင့် ကိုယ်ဝန်ဆောင်ရန်အတွက်သင့်လျော် သောအစားအစာများကိုအမြဲလက်လှမ်းမမီကြပေ။ အကျိုးအကြောင်း တစ်ခုအဖြစ်အာဟာရချို့တဲ့မှုသည်အသက်အပိုင်းအခြားအလိုက်သံသရာလည်ပုံမှာအာဟာရချို့တဲ့သောမိခင် နှင့် အာဟာရချို့တဲ့သောကလေးအပြန်အလှန်စက်ဝန်းကဲ့သို့ဖြစ်နေခြင်းပင်ဖြစ်သည်။



## နိဂုံးချုပ်

ကျန်းမာရေးဝန်ထမ်းတို့သည်အာဟာရချို့တဲ့သောကလေးများကိုစောလျင်စွာရှာဖွေ၊ကုသရန်နှင့်လွှဲအမှားသောအယူအဆများအပါဝင် လွှဲမှားသော အလေ့အကျင့်တို့ကိုတိုက် ဖျက်ရန်အတွင်အဓိကအခန်းမှပါဝင်ကြသည်။ ကလေးငယ်များ၏ကျန်းမာရေးအတွက်အရေးပါသည့်အန္တရာယ်ဖြစ်သည့်အာဟာရချို့တဲ့မှုသည်ဒုက္ခသည်စခန်းများတွင်လွန်ခဲ့သောအချိန်များကပင်မသိရှိဘဲဖြစ်ခဲ့ကြသည်။ သူတို့၏အသိညဏ်၊ ခံယူချက်နှင့်အပြုအမူကိုလေ့လာခြင်းသည်သင့်လျော်မှုမရှိသောကျွေးမွေးမှုအလေ့အကျင့်များကိုရှာဖွေရာတွင်ပထမခြေလှမ်းဖြစ်သည်။ စံနှစ် တကျကလေးများ အားကြီးထွားမှုတိုင်းတာခြင်း (ဆောင်းပါးကိုကြည့်ပါ၊ စာမျက်နှာ——)သည်ပိုမိုကောင်းမွန်သောစောင့်ကြပ်လေ့လာမှုသို့ဦးတည်ပါလိမ့်မည်။ လွဲမှားသောအစားအစာကျွေးမှုပြဿနာကိုဖြေရှင်းရာတွင်ရေရှည်၌ကျန်းမာရေးပညာပေးခြင်းအသိညဏ်မြှင့်တင်ပေးခြင်းတို့ကိုအသုံးပြုနိုင်သည်။ကာကွယ်ခြင်းနှင့်ကု သခြင်းတို့သည် တစ်ခုကိုတစ်ခုအပြန်အလှန်အ ကူအညီပေး၍ အာဟာရချို့တဲ့မှုသံသရာကိုဖြတ်ပြီးကလေးများ၏ကျန်းမာသောအနာဂါတ်ကိုဖန်တီးပေးနိုင်သည်။


## မှရင်း။ ။ Sources:

- Nutrition and food Security for refugees on the Thai-Burma Border, BBC, October 2003.

- Evaluation of ECHO-Funded Nutrition and Food Aid Activities for Burmese Refugees in Thailand, ECHO, April 2004

- Dietary Assessment of Refugees living in camps: A case study of Mae la camp, Thailand, Food and Nutrition Bulletin, vol 24, no. 4, 2003, The United Nation University.

## Social and Care Practices

### *Supplementary Feeding Program (SFP)*

SFP for all pregnant and lactating women has been implemented in the camps since years. The program consists in provision of food commodities complementing the rations and vitamin B1 supplements for pregnant women and for lactating women for an average period of 9 months. However, the impact of the SFP has not been routinely measured. In addition, many women are still not checked and treated for malnutrition before entering the program. Finally, the systematic implementation of SFP for pregnant and lactating women is not a long-term solution to address the problem.

It is to be mentioned that acute malnutrition rates remain low. Nevertheless, in some health facilities the rates are higher, and health workers may not systematically monitor the growth of children between 12 and 36 months. Therefore, the rate of acute malnutrition might have been underestimated.

## Social and Care Practices

There are several ways that people feed infants and young children, according to traditional and social practices, that can contribute to children becoming malnourished. Surveys led in the camps have pointed out that:

- Only 30% of infants are exclusively breast-fed until the age of 6 months.
- 34% already receive solid food before they are 4 months old.
- Two third of the children have less than 3 meals a day.
- Only 4% consume 4 meals as recommended.

Women do not always have access to enough of the right kinds of food to keep them healthy, to prepare their bodies for being pregnant, or to give the energy to their children when breastfeeding. One result is that the intergenerational cycle of malnutrition is continued between malnourished mother and malnourished child.

## Conclusion

Health workers have a major role to play in the early detection and treatment of malnourished children and in the fight against misconceptions and malpractices. Chronic malnutrition in the camps has gone unnoticed for a long time, while it is an important threat to the healthy development of the child. Assessing knowledge, attitudes and practices of the people will be a first step in the detection of inappropriate feeding practices. The systematic monitoring of children's growth (see article p…) will help to address this by better surveillance. Health education and awareness raising campaigns should solve the problem of bad feeding practices in a longer term. Preventive and curative activities should complement each other in order to tackle the vicious circle of malnutrition and offer a healthier future to our children.





# လွဲမှားသောအယူအဆများနှင့်အာဟာရ၊ ထိုင်း – မြန်မာနယ်စပ်ရှိလူထု ကျန်းမာရေးပညာပေးဝန်ထမ်းများနှင့်ရိုးရာလက်သယ်များ၏အသံ

ကျန်းမာရေးစေတမာန်အဖွဲ့၊ (အင်န်၊ အိတ်ချ်၊ အီး၊ စီ၊ ဘီအယ်ပ် အေ) နှင့် (အေ၊ အာ၊ စီ)



"Some mothers believe that colostrum may give diarrhoea to their newborn, while this first milk is the richest they can give to their baby", says Clarinet.

ကလာရီနက်ပြောပြသည်မှာ တချို့မိခင်များသည် နို့ဦးရည် တိုက်လျှင်မွေးစက လေးဝမ်းလျှောမည် ဟုယုံကြည်ကြသည်။ အမှန်စင်စစ် နို့ဦးရည်သည် ကလေးငယ်အတွက်အ ကောင်းဆုံးဖြစ်သည် ။

**ဤဆောင်းပါးသည်နို့ဖိုးနှင့်အုံးပုံဒုက္ခသည်စခန်း ရှိနိုင်ငံတကာဆိုင်ရာအမေရိကန် ဒုက္ခ သည်ကော်တီမှ လူထုကျန်းမာရေး ပညာ ပေး ဝန်ထမ်းများ၊ (အင်န်၊အိတ်၊အီး၊ စီ)ကြီးကြပ်သည့်ရိုးရာလက်သယ်များနှင့် ကျန်းမာရေးစေတမာန်အဖွဲ့တို့၏ တွေ့ဆုံ ဆွေးနွေးခြင်းများကိုအခြေခံထားသည်။ အဆိုပါ ဆွေးနွေးပွဲ၌လူထုထဲတွင် သူတို့တွေ့ရှိခဲ့သော အာဟာရချို့တဲ့မှု၊ လွဲမှားသောအယူအဆများနှင့် မှား ယွင်း သောစားသောက်မှုအလေ့ အကျင့်တို့ကို တင်ပြဆွေးနွေးပြောပြကြသည်။ အာဟာရ ချို့တဲ့မှုကိုကာကွယ်ရန်အတွက်အကြံပေး ချက် များကိုလည်းတင်ပြကြသည်။**

## ကျန်းမာရေးနှင့်မညီသောစားသောက် မှုအလေ့အကျင့်များ

ကျန်းမာရေးနှင့်မညီသောစားသောက်မှုအလေ့ အကျင့်တို့သည် အာဟာရချို့တဲ့မှု၏အဖြစ်များ သောအကြောင်းရင်းတစ်ခုဖြစ်သည်၊ အစား အစာရှောင်ခြင်းများ၊ ကျန်းမာရေးနှင့်မညီညွတ် သည့်အစားအစာများပိုမိုစားသုံး ခြင်း၊ အခြေအ နေအမျိုးမျိုး(ဥပမာ၊ ကိုယ်ဝန်ဆောင်စဉ်) နှင့်အ သက်အရွယ်အလိုက်လွဲမှားစွာအစားအစာစား သုံးခြင်းတို့သည်ချို့ယွင်းသောစား သောက်မှုအ လေ့ အကျင့်တို့တွင်ပါဝင်သည်။ တချို့သောအ လေ့အကျင့်များဖြစ်သည့်ပမာဏအားဖြင့် လို လောက်စွာမစားသုံးခြင်းနှင့်အမျိုးစုံစွာစားသုံးမှု မရှိကြောင်းကိုလည်းတွေ့ရှိရသည်။ အခြား ပြဿ နာများကိုဥပမာ အဖြစ် ပြရလျှင်အလေ့အကျင့် ဖြစ်စွဲလမ်းနေသောကွမ်းစားခြင်း၊ဆေးလိပ် သောက် ခြင်းနှင့်အရက်သောက်ခြင်းတို့သည် လူ အများစု၏အာဟာရအခြေအနေကိုထိခိုက်နစ် နာစေပါသည်။

လူအများစုတို့သည်မျှတသောအာဟာရကိုနား လည်ခြင်းမရှိပေ။ သည့်အတွက်နေ့စဉ်နေ့တိုင်း စားသုံးသူတို့သည်တစ်ပုံစံတည်းစားကြသည်။ဆို လိုသည်မှာသူတို့စား လိုသည့်အစားအစာ သို့မ ဟုတ်စားနေကျအစားများကိုသာစားကြသည် ဟုနို့ဖိုးစခန်းတွင် ဂနစ် ခန့်တာဝန်ထမ်းဆောင် ခဲ့သောလူထုကျန်းမာရေးပညာပေးဝန်ထမ်း ဖအားဖအားမော် မှ ရှင်းပြသည်။

## မိခင်နို့တိုက်ခြင်းနှင့်အယူအဆလွဲမှားခြင်းများ

လွဲမှားသောအယူအဆများသည်မှားယွင်းစွာ မိ ခင်နို့တိုက်သည့်အမူအကျင့်ကိုဖြစ်ပေါ်စေနိုင်သည်၊ ဥပမာ၊ ဝမ်းလျှောရောဂါရှိစဉ်တွင်မိခင်နို့တိုက် ခြင်း ကိုရပ်ထားခြင်း။ မိခင်အများစုတို့သည် ယုံကြည်ကြသည်မှာကလေးငယ်တစ်ယောက် ဝမ်းလျှော လျှင် ရေနှင့်အရည်များလျှော့ တိုက်သင့်သည်။ ထိုအချက်၏ဆန့်ကျင်ဘက် ဖြစ်သည့်ဝမ်းလျှောလျှင် အရည်ဓါတ်ဆုံးရှုံး သ ဖြင့်ကလေးသည်ရေနှင့်အရည်တို့ကိုပိုမိုသောက် သင့်သည့်အချက်ပင်ဖြစ်သည်။
ဖွံ့ဖြိုးဆဲနိုင်ငံအများစုတို့တွင်ရှိသောမိခင်အများစု တို့သည် နို့ဦးရည်(မွေးပြီးပြီးခြင်းပထမဆုံး ထွက်သည့် အဝါရောင်နို့)သည်မကောင်း သောနို့ရည်ဟုယူဆ ကြသည်။ ငယ်ရွယ်သောမိ ခင်များအနေဖြင့်မိမိတို့၏မွေးစကလေးများ ကိုနို့ မတိုက်မီနို့ဦးရည်ကိုညှစ်ထုတ်သည့်ဓလေ့သည် ဆက်လက်ရှိနေသေးသည်။

ကလာရီနက်ပြောပြသည်မှာတချို့မိခင်များသည် နို့ဦးရ ည်တိုက်လျှင်မွေးစကလေးဝမ်းလျှောမည် ဟုယုံကြည်ကြသည်။အမှန်စင်စစ် နို့ဦးရည်သည် ကလေးငယ်အတွက်အကောင်းဆုံးဖြစ်သည် ။

## ကိုယ်ဝန်ဆောင်မိခင်၏အာဟာရနှင့်လွဲမှား သောအယူအဆများ

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်အစားကိုအမျိုး စုံစွာစားပြီးအချိန်အဆလည်း ပိုမိုစားသုံးသင့် သော်လည်းလွဲမှားသောအယူအဆများဖြစ် သည့်အစားရှောင်ရသည့်အခြေ အနေကိုရင်ဆိုင် ရတတ်သည်၊ဥပမာ၊ အချို့ကိုယ်ဝန်ဆောင် မိ ခင်များသည် လူကြီးသူမများ၏အကြံ ပေးချက်အရအစားအသောက် အမျိုးအစားတ ချို့ကိုရှောင်ကျဉ်ရသည်။ မွေးပြီး ၄၅ ရက်ဖြစ် သောမီးတွင်းမှာလည်းအစားရှောင်ရသည်၊ ငါး များ၊ အနီရောင်နှင့်အစိမ်းရောင်ရှိသောချောက် သီးများ၊ ဖရုံ နှံများသည်ယားခြင်း၊ အကွက်ထ

# Misconceptions Concerning Nutrition: Voices of Community Health Educators and TBAs along the Thai-Burmese Border

*Health Messenger Magazine in collaboration with NHEC/BMA and ARC*

***This article is based on the information collected during interviews with Community Health Educators from American Refugee Committee International, in Nu Poh and Umpiem Camp and with TBAs supervised by NHEC. They shared their experience on malnutrition, misconceptions and unhealthy food practices observed within their community. They also provide suggestions to prevent malnutrition.***

## Unhealthy feeding practices

Unhealthy feeding practices are a common cause of malnutrition. They may include some foods' restrictions, some misuse of foods according to the condition (pregnancy) or age of the person or the over-consumption of unhealthy food. For instance, some habits of not eating enough quantity or diversity of foods are often observed. An example is the problems of the addictive habit of beetle nut chewing, smoking cigars and drinking alcohol, which can have bad effects on people's nutritional status.

"Most of the people don't know what is a balanced diet and eat everyday the same thing, just because it is what they like or what they are used to eat", explains Aye Aye Maw, who has been working as a CHE for more than 8 years in Nu Po camp.

## Misconceptions concerning breastfeeding

Misconceptions can also lead to inappropriate breastfeeding practices. For example, breastfeeding can be interrupted during the episode of diarrhoea as many mothers believe that a child having diarrhoea should drink less. On the contrary, diarrhoea can cause severe dehydration and therefore the child needs to drink more than usual.

Many mothers in developing countries consider colostrum (the first yellow milk produced by mothers just after delivery) as bad milk. It is still common among young lactating mothers to squeeze out the colostrum before starting breastfeeding their newborn.

"Some mothers believe that colostrum may give diarrhoea to their newborn, while this first milk is the richest they can give to their baby", says Clarinet.

## Misconception concerning nutrition of pregnant women

Pregnant women may face many food restrictions due to misconceptions, while pregnancy should be the moment when women eat an increased quantity and variety of food. For instance, some pregnant women are sometimes advised by the elderly to avoid some types of foods during the puerperium (45 days after delivery). Fishes, red and green peppers, prawns, are believed to give allergies, while eggs are thought to lead to difficult delivery.

In the same way, TBAs frequently hear that:



**Misconceptions can also lead to inappropriate breastfeeding practices.**

လွဲမှားသောအယူအဆ
များသည်မှားယွင်းစွာ
မိခင်နို့တိုက်သည့်အမူအ
ကျင့်ကိုရောက်
ရှိစေနိုင်သည်။



**ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်အစားကိုအမျိုးစုံစွာစားပြီးအချိန်အဆလည်းပိုမိုစားသုံးသင့်သော်လည်းလွှဲမှားသောအယူအဆများဖြစ်သည့်အစားရှောင်ရသည့်အခြေအနေကိုရင်ဆိုင်ရတတ်သည်**

ခြင်းတို့ဖြစ်တတ်သည်ဟုယူဆကြသည်။ ဥအမျိုးမျိုးစားလျှင်လည်းကလေးမွေးရခက်ခဲသည်ဟုယူဆကြသည်။
အလားတူစွာ၊ အရပ်လက်သည်တို့ကြားရသည့်မှာအောက်ပါအတိုင်းဖြစ်သည်။

## မမှန်ကန်သောအကြောင်းအရာများ

• ကိုယ်ဝန်ဆောင်မိခင်များသည်ရခိုင်ငှက်ပျောသီးစားလျှင်ကလေးထွားပြီးမွေးဖွားရာတွင်အခက်အခဲတွေ့နိုင်သည်။

• သူမသည် ပိန်းဥစားလျှင်လည်းကလေးမွေးရာတွင်ခက်ခဲနိုင်သည်။

• ချဉ်သီးဖြစ်သည့်ဇီးဖြူသီး၊ ဖန်ခါးသီးနှင့်တယ်သီးစားလျှင်လေချုပ်တတ်သည် (လေလှည့်ခြင်းသည်ကျန်းမာရေးနှင့်ညီသည်ဟုယူဆသည်)။

• ခရမ်းသီးအမျိုးမျိုးတို့သည်သန္ဓေသားကိုဖုံးအုပ်ထားသည့်အမြှေးပါးကိုထူစေသည်။

• ကိုယ်ဝန်ဆောင်မိခင်များသည်အိုးကပ် သောထမင်းချိုးကိုမစားရ၊ စားလျှင်ကလေးမွေးပြီးအချင်းကပ်မည်။

• အုန်းရေသောက်လျှင်ကိုယ်ဝန်ပျက်ကျတတ်သည့်အပြင်ကလေးခေါင်းသေးတတ်သည်။

• ကြောင်ရှာသီးသည်ခါးသည်။ ကိုယ်ဝန်ဆောင်များမစားရ၊စားလျှင်ကလေးသူငယ်နာဖြစ်မည်။ အထူးသဖြင့်ကလေးမွေးပြီးသရက်ရက်ခန့်အကြာအခြေပြောင်းပြလာမည်။

• ဥအမျိုးမျိုးစားလျှင်မွေးခါနီးဒုက္ခတွေ့မည်။

• ရှောက်သီးစားလျှင်ကလေးဆံပင်မွေးကျွတ်မည်။ ကိုယ်ဝန်ဆောင်မိခင်များသည်သံဓါတ်ပါသောဆေးပြားနှင့်ဖိုက်တာမင်ဆေးပြားများကိုစားသုံးလိုခြင်းမရှိပါ။ အဆိုပါဆေးများစားလျှင်ကလေးထွားပြီးအမွေးရခက်သည်ဟုတချို့သူများယုံကြည်ကြသည်။ နို့ဗိုးဒုက္ခသည်စခန်းမှလူထုပညာပေးဝန်ထမ်းကြီးကြပ်ရေးမှူး၊ ခွန်အစ်စ်ဘဲလားပြောပြသည်မှာ အာဟာရနှင့်ပတ်သက်သောအယူသီးမှုများအများကြီးရှိတယ်၊ အရိုးစွဲအမြစ်တွယ်နေတော့မှားတယ်၊အန္တရာယ်ရှိတယ်လို့ယုံကြည်အောင်ပြောပြီးပြုပြင်ရတာခက်ခဲတယ် ။

## ငယ်ရွယ်သူကလေးများနှင့်မှားယွင်းသောအာဟာရဆိုင်ရာအယူအဆများ

ယုံကြည်မှုအမှားများကြောင့်ကလေးငယ်များသည်အစားရှောင်ရမှုကိုခံစားနေရသည်။ ဥပမာအားဖြင့်သံကောင်ရောဂါ အဖြစ်များ မည်စိုး၍အသက် ၂ နှစ် မှ ၃ နှစ် အရွယ်ကလေးငယ်များကိုအခြားမိသားစုဝင်များ ကဲ့သို့ အသားမကျွေးကြပေ။

အိုးပျံဒုက္ခသည်စခန်းမှလူထုကျန်းမာရေးပညာပေးဝန်ထမ်းခွန်ရှဲလ်ဒါပြောပြသည်မှာငှက်ပျောသီးကျွေးလျှင်အစာမကြေဖြစ်မည်။ ဥအမျိုးမျိုးကျွေးလျှင်ဗိုက်နာမည်။ စသည်တို့ပြောသံကြား ဘူးတယ်။

## အခြားအစားအစာနှင့်ပတ်သက်သောဓလေ့များ

ဖြုံငုံသုံးသပ်ရလျှင်၊ အချို့အစားအစာများသည်မကောင်းသည့်သဘောဆောင်၍သုံးစွဲရန်ရှောင်ကျဉ်ကြသည်။ အဆိုပါကဲ့သို့အချက်များသည်အလွယ်တကူရရှိနိုင်ပြီးငွေကုန်သက်သာသည့်ကျန်းမာရေး နှင့်ပြည့်စုံသောအစားအစာများကိုရှောင်ရှားသည့်ကဲ့သို့ဖြစ်သွားနိုင်သည်။
တချို့ကျန်းမာရေးနှင့်မညီညွတ်သည့်အလေ့အကျင့်များသည်၊ မှားယွင်းသောအယူအဆများအားဖြင့်ထောက်ခံမှုပေးပြီးစိတ်ဝင်စားသည်။
ရိုးရာအစားအသောက်များသည်ထူးခြားစွာမဆိုးလှပါ။အစိမ်းရောင်ရှိသောဖရုံရွက်ကဲ့သို့သောအရွက်များသည်သံဓါတ်များစွာပါဝင်၍လူအများစားသုံးသင့်သည်။

## Misconceptions concerning nutrition of young children

### NOT TRUE

• If pregnant women eat *Rakhine banana,* the child inside her womb will grow bigger than normal and the pregnant woman will face difficult labour.

• If she eats *taro,* she may suffer from difficult labour.

• Sour fruits *(Zebyuthee, Phangarthee)* and figs cause less gas in the guts (gas is considered as a healthy phenomenon). These fruits should therefore be avoided.

• Different types of *brinjal* will cause thickening of membrane covering the foetus.

• Pregnant mothers cannot eat the rice stuck to the bottom of a cooking pan because it may provoke placenta retention after delivery. This problem can also be faced after eating sticky rice.

• Coconut water may cause abortion and smaller head of the newborn baby.

• *Cat tongue* fruit is bitter and should not be given to pregnant women. It can cause childhood diseases after delivery characterised by blue coloration of the baby's skin 10 days after birth.

• Eggs can cause shaking of knees just before delivery.

• Chili can cause hair loss of the newborn.

Reluctance to take iron and vitamin tablets is also observed among pregnant women. Some of them believe that the medicines may lead to larger baby leading to difficult labour.

"There are so many nutritional taboos, and these are so strongly anchored in people's mind, that it is difficult to convince them that all these ideas are wrong and can even be dangerous", says Isabella, CHE supervisor in Nu Po camp.

### Misconceptions concerning nutrition of young children

Children are also suffering from food restrictions, due to mis-belief. For instance, some families don't give meat to children 2 to 3 years of age, thinking it will decrease the risks of worms' manifestation.

*"Banana may cause indigestion* and *eggs may cause stomach pain* are some commonly heard ideas in the camps" says Shelder, CHE working in Umpiem camp.

### Other Food Taboos

In general, certain types of foods are believed to have some negative properties and are therefore avoided. These ideas might lead to privation of easily available and cheap foods that would bring healthy nutrients to people's diet.

On the contrary, some unhealthy practices are supported by misbelieve providing to certain types of habits (such as bettle nut chewing or smoking cigarettes) particularly interesting advantages.

Finally, traditional food is not necessarily bad: People should eat green leaves, such as pumpkin leaves, as they are very rich in iron.



**"Pregnant woman may face food restrictions because of misconception"**

NOT TRUE

**“Chili can cause hair loss of the newborn.”**

မမှန်ကန်သောအကြောင်းအရာများ

**ငရုတ်သီးစားလျှင်ကလေးဆံပင်မွေးကျွတ်မည်။**

## နိဂုံး

အစားအစာချို့တဲ့ခြင်း၏အကြောင်းရင်းများသည်စခန်းအပြင်သို့သွားလာလှုပ်ရှားမှုကိုကန့်သတ်ချုပ်ချယ်ထားခြင်းနှင့်ကျဉ်းမြောင်းသောမြေကွက်လပ်တွင်နေရခြင်းတို့ကြောင့်ဖြစ်သည်။ လူထုကျန်းမာရေး ပညာပေးဝန်ထမ်းများအနေဖြင့်မှားယွင်းသောအယူအဆများကိုတိုက်ဖျက်ရာတွင်အဓိကနေရာမှပါဝင်ပေးသည်သို့မှသာအစားအစာများကိုကန့်သတ်ခြင်းနှင့်တလွဲသုံးတို့ကိုမဖြစ်ပွားရန်ကာကွယ်နိုင်မည်။ မှားယွင်းစွာကျွေးမွေးသည့်အလေ့အကျင့်များကိုလည်းတိုက်ဖျက်၍ကလေးအားလုံးကိုကျန်းမာသန်စွမ်းစေသင့်သည်။

## Conclusion:

Movements' restrictions outside of the camps and people's living on limited space are already enough important reasons for food limitations. Health workers and Community Health Educators have therefore a major role to play in the fight against misconceptions leading to food restrictions or misuses. Incorrect feeding practices should also be tackled in order to give all children the chances to grow strong and healthy.



မမှန်ကန်သောအကြောင်းအရာများ

**အရက်၊ ကွမ်းသီး၊ ကွမ်းရွက်နှင့်ဆေးလိပ်တို့ကို ခံတွင်းကောင်း စေသော အစားအသောက်အဖြစ် အသုံးပြုသည်။**

NOT TRUE

**“Alcohol, betel nut and cigars can be used as appetizers.”**

# MICRONUTRIENTS: THE HIDDEN HUNGER

By Andrea Menefee, TBBC.

# ဗိုက်တာမင်နှင့်သတ္တုဓါတ်များ – မတွေ့မြင်နိုင်သောဆာလောင်မှု

အန်ဒရီယာ မန်နီဖီး တီ၊ ဘီ၊ ဘီ၊ စီ

*ဗိုက်တာမင်နှင့်သတ္တုဓါတ်များချို့တဲ့မှုသည် အာဟာရချို့တဲ့ခြင်း၏အရေးပါသော လက္ခဏာများကိုဖြစ်နိုင်သည်၊ ဤဆောင်းပါးသည်ဗိုက်တာမင်နှင့်သတ္တုဓါတ်များချို့တဲ့မှုကိုမည်ကဲ့သို့သိရှိနိုင်မည်၊ မည်ကဲ့သို့ကာကွယ်ရမည်ကို တင်ပြသွားပါမည်။*

လူနှင့်တိရိစ္ဆာန်အားလုံးအသက်ရှင်သန်ရန်၊ ကြီးထွားရန်၊ နှင့် ကျန်းမာကြံ့ခိုင်ရန်အတွက် အစားအစာလိုအပ်သည်။ အစားအစာအားလုံးတွင် အာဟာရဓါတ်မျိုးစုံပါရှိသည်။ အစားအစာမှရရှိသောအာဟာရဓါတ်များတွင်**အကြီးစားအာဟာရဓါတ်များဖြစ်သည့်**

**အဆီဓါတ်၊**
**ကစီဓါတ်၊ နှင့်**
**ပရိုတင်း**

ဓါတ်များပါဝင်သကဲ့သို့

**အသေးငယ်စားအာဟာရ များဖြစ်သော**
**ဗီတာမင် နှင့်**
**သတ္တုဓါတ်တို့လည်းပါဝင်သည်။**

အကြီးစားအာဟာရဓါတ်သာမကအသေးငယ်စားအာဟာရဓါတ်အားလုံးပါဝင်မှသာကောင်းမွန်သောအစားအသောက်ဖြစ်သည်၊ လူသားများကျန်းမာသန်စွမ်းစွာအလုပ်လုပ်ကိုင်နိုင်ရန်အတွက်အာဟာရဓါတ်ကိုအတိုင်းအတာတစ်ခုအထိလိုအပ်သည်။ ဤအတိုင်းအတာကိုလူတို့အတွက် အာဟာရလိုအပ်ချက်ဟုခေါ်သည်။

အသေးငယ်စားအာဟာရဓါတ်အမျိုးပေါင်းများစွာရှိသည်။ ၎င်းတို့မှာ ဗိုက်တာမင် အေ၊ ဗိုက်တာမင် ဘီ၊ ဗိုက်တာမင် စီ၊ ဗိုက်တာမင် ဒီ၊ ဗိုက်တာမင် အီး၊ ဗိုက်တာမင် ကေ၊ သံဓါတ်၊ ကယ်လ်စီယမ်ဓါတ်၊ ဇင့်ဓါတ်၊ အိုင်အိုဒင်းဓါတ် နှင့် အခြားသောဓါတ်များဖြစ်သည်။

ဗိုက်တာမင် အေ၊ အိုင်အိုဒင်းဓါတ်၊ သံဓါတ်၊ ဗိုက်တာမင် ဘီဝမ်း နှင့် ဗိုက်တာမင် ဘီတူးတို့မှာ ဤဒေသ (ယိုးဒယား ပြည်၊ မြန်မာပြည်) တွင် ချို့တဲ့လေ့ရှိသော သို့မဟုတ် ချို့တဲ့ရန်အလားအလာများသောအသေးငယ်စားအာဟာရဓါတ်များ

***Micronutrient deficiencies are important signs of malnutrition. This article explains how to prevent and detect them.***

All people and animals need food to live, grow and be healthy. Food contains different types of nutrients. Food contains certain nutrients called **macronutrients**:

**Fat**
**Carbohydrate**
**Protein**

Food also contains nutrients called **micronutrients**:

**Vitamins**
**Minerals**

A good diet is made up of foods that contain all these types of nutrients – macronutrients and micronutrients. For people to be healthy and productive they need a certain amount of nutrients. This is called their nutritional requirement.

There are many micronutrients, and they include vitamins A, B vitamins, vitamin C, D, E, and K, iron, calcium, zinc, iodine, and many others.

The most common deficiencies or risk of deficiencies in this region (Thailand, Burma) that we know about are from vitamin A, iodine and iron, and vitamins B1 and B2. We will focus on the main functions of these nutrients.

Micronutrient malnutrition can occur even if the person is getting enough energy foods and they are not thin. It is usually caused by a deficiency in

**micronutrients =:**
**Vitamins**
**Minerals**

**အသေးငယ်စားအာဟာရတွင်**
**ဗီတာမင် နှင့်**
**သတ္တုဓါတ်တို့**
**လည်းပါဝင်သည်။**

# အသေးငယ်စားအာဟာရဓါတ် ချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာ သောရောဂါများ

**အသေးငယ်စား အာဟာရဓါတ်များ သည် ကျွန်ုပ်တို့ ခန္ဓာကိုယ် အတွက်မရှိမဖြစ် လိုအပ်သော်လည်း လိုအပ်သော အတိုင်းအတာမှာ အနည်းငယ်မျှသာ ဖြစ်သည်။**

ဖြစ်သည်။

အင်အားဓါတ်လုံလောက်စွာရရှိသောသူများ၊ မပိန်သောသူများတွင်လည်း အသေးငယ်စားအာဟာရဓါတ်ချို့တဲ့မှု ရှိနိုင် သည်။ ဤချို့တဲ့မှုသည် အသေးငယ်စားအာဟာရ ဓါတ်တစ်မျိုး သို့မဟုတ် အနည်းငယ်ချို့တဲ့သည်မျှနှင့်လည်း ဖြစ်ပေါ်နိုင်သည်။ ဤချို့တဲ့မှုကြောင့် ကလေးငယ်များတွင် ဖွံ့ဖြိုးမှုနှေးကွေး ရပ်တန့်စေနိုင်သည်။

## အသေးငယ်စားအာဟာရဓါတ် ချို့တဲ့မှုကြောင့်ဖြစ်ပေါ်လာ သောရောဂါများ

သွေးအားနည်းရောဂါ၊ လည်ပင်းကြီးရောဂါ၊ အမြင်အာရုံပျက်ပြားခြင်းတို့မှာအသေးငယ်စားအာဟာရဓါတ်ချို့တဲ့မှုကြောင့်ဖြစ်ပေါ်လာနိုင်သောရောဂါများဖြစ်သည်၊ ထိုအချို့သောရောဂါများမှာအလွန်အရေးပါသည်၊ တစ်ချို့သောသူများတွင်ဤအသေးငယ်စားအာဟာရဓါတ်ချို့တဲ့မှုကြောင့် အသက်ဆုံးရှုံးသည်အထိဖြစ်သွားရသည်။ ***ဤအသေးငယ်စားအာဟာရဓါတ်ချို့တဲ့မှုကြောင့်ဖြစ်ပေါ်လာသောရောဂါရှိသူထံမှ သင့်ဆီသို့ ရောဂါမကူးစက်နိုင်ပါ၊ သင့်မှာအာဟာရဓါတ်လုံလောက်စွာမရရှိမှသာဤရောဂါများဖြစ်ပေါ်လာမည်။***

အာဟာရချို့တဲ့မှုကြောင့်ဖြစ်ပေါ်လာသော ရောဂါများအနက် အောက်ဖော်ပြပါ ရောဂါများအကြောင်းကိုယခုဆက်လက်၍တင်ပြသွားပါမည်။ ရောဂါတစ်ခုချင်းအတွက်ဤရောဂါမည်ကဲ့သို့ဖြစ်ပေါ်လာသည်၊ ဤရောဂါကြောင့်မည်ကဲ့သို့ထိခိုက်စေနိုင်သည်၊ ဤရောဂါရှိမှန်းမည်ကဲ့သို့သိရှိနိုင်သည်၊ ဤရောဂါရှိပါက မည်သည်တို့ကိုဆက်လုပ်သင့်သည်တို့ကိုဖော်ပြသွားပါမည်။

## သံဓါတ်

သံဓါတ်မှာအစားအသောက်တွင်အနည်းငယ်မျှသာပါဝင်သောသတ္တုဓါတ်တစ်မျိုးဖြစ်သည်၊ ကျန်းမာသောသွေးဖြစ်စေရန်နှင့် အောက်ဆီဂျင်ဓါတ်ကိုကလာပ်စည်းများထံသို့ ပို့ဆောင်ရန် အတွက်ဤသံဓါတ်မှာအရေးပါသည်။ ခန္ဓာကိုယ်ရှိကလာပ်စည်းများအသက်ရှင်သန်ရန်တွက်လည်း အောက်ဆီဂျင်ဓါတ်လိုအပ်သည်။

ခန္ဓာကိုယ်သည်သံဓါတ်ကိုအောက်ဖော်ပြပါနေရာများတွင်အသုံးချသည်။

- သွေးနီဥများအတွက်ဟေမိုဂလိုဘင်ကိုဖြစ်စေသည်။ ဟေမိုဂလိုဘင်သည်သွေးထဲရှိအောက်ဆီဂျင်ကိုခန္ဓာကိုယ်ရှိကလာပ်စည်းများအားလုံးသို့ ပို့ဆောင်ပေး သည်။
- တစ်ခြားကလာပ်စည်းများပုံမှန်အလုပ်လုပ်ကိုင်နိုင်စေရန်အကူအညီပေးသည်။
- ဆုံးရှုံးသွားသောသို့မဟုတ်ပျက်ဆီးသွားသောသွေးနီဥများကိုဖြည့်တင်းပေးသည်။
- အသားဓ (တစ်ရှူး) အသစ်များဖြစ်ပေါ်စေသည်။

သံဓါတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသောသွေးအား နည်းရောဂါ သည်တစ်ကမ္ဘာလုံးတွင်အဖြစ်အများဆုံးသောအာဟာရချို့တဲ့သည့်ရောဂါတစ်ခုဖြစ်သည်။ ကျောင်းမနေခင်အရွယ်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့်ဖို့ကိုမိခင်များအတွက်

| ရောဂါ | ချို့တဲ့သော အာဟာရဓါတ် |
|---|---|
| သွေးအားနည်းရောဂါ | သံဓါတ် |
| ဇာရေ့ သားမီးယား ခေါ် မျက်ကြည်လွှာနှင့်မျက်သားအခြောက်သွေ့သည့် ရောဂါ (ကြက်မျက်သင့်ရောဂါ) | ဗိုက်တာမင် အေ၊ |
| သိုင်းရွိုက် (လည်ပင်းရှေ့ကြိုတ်) ရောဂါများ | အိုင်အိုဒင်း ဓါတ် |
| ဘယ်ရီဘယ်ရီ<br>အေရိုင်ဘို ဖလေဘင်နိုးစစ် | သိုင်ရာမင်း (ဗိုက်တာမင် ဘီဝမ်း)<br>ရိုင်ဘို ဖလေဘင် (ဗိုက်တာမင် ဘီတူး) |

one or a small number of specific micronutrients. It can contribute to stunting in children.

## Diseases due to micronutrients deficiencies

Diseases such as anaemia, goitre, and blindness are caused by deficiencies in micronutrients. They can be very serious and people can die as a result. ***You cannot catch these diseases from being near someone who is affected and you will only get them if your nutrient intake is not sufficient.***

We are going to look at the following diseases that are caused by nutritional deficiencies. For each disease we will look at how people get it, how it affects them, how we can recognise it, and what can be done about it.

## Iron

Iron is a mineral found in small amounts in foods. It is important for healthy blood and oxygen transport to .
the cells. Cells need this oxygen to stay alive.

The body uses iron to:
- Make hemoglobin for red blood cells - hemoglobin carries oxygen in the blood to all the cells in the body
- Help other cells to function
- Replace worn out or lost red cells
- Build new tissue

Iron-deficiency anemia is the most common nutritional disorder in the world. Pre-school children and pregnant and lactating women are most susceptible to iron deficiency, since their needs for iron are highest.

Iron is a difficult nutrient to get from foods, since most foods only contain a small amount, and the body only absorbs part of the iron in foods - most of it goes out in the faeces.

Iron in animal foods, like meat and eggs, is more easily used by the body; iron in plant foods, like beans and vegetables, is harder for the body to absorb. If people do not eat much meat, they are more at risk for iron deficiency.

Foods that are rich in iron include:
- Meat
- dark green, leafy vegetables, such as morning glory, kale, and other greens
- Fortified flour and Blended foods
- Cashew nuts
- Lentils

Some foods help the body to absorb iron - these are high vitamin C foods, like lime, roselle, guava, pumpkin, tomato, etc. These foods should be eaten with iron foods.

Some foods interfere with iron absorption - these are coffee and tea. They

**Micronutrients are the nutrients that are essential for our bodies (we must have them) but we need only in tiny amounts.**

| Disease | Deficient Nutrient |
|---|---|
| Anaemia | Iron |
| Xeropthalmia | vitamin A |
| Thyroid Disorders | Iodine |
| Beriberi | Thiamine |
| Ariboflavinosis | Riboflavin |

## သွေးအားနည်း ရောဂါ၏ လက္ခဏာများ




သံဓါတ်လိုအပ်ချက်သည်အများဆုံး ဖြစ်သည်။ထို့ကြောင့် ၎င်းတို့တွင်သံဓါတ်ချို့တဲ့မှုဖြစ်ပွားရန်လွယ်ကူသည်။

သံဓါတ်ကိုအစားအစာမှရရှိရန်ခဲယဉ်းသည်။ အကြောင်းမှာအစားအစာအများစုတွင် သံဓါတ်အနည်းငယ်မျှသာပါဝင်သည်၊ အစားအသောက်တွင်ပါရှိသောသံဓါတ်ကိုခန္ဓာကိုယ်မှ တစ်စိတ်တစ်ပိုင်းသာစုတ်ယူနိုင်သည်။ထို့ အပြင်စုတ်ယူထားသောသံဓါတ်အများစုမှာလည်းမစင်နှင့်အတူစွန့်ထုတ်လိုက်သည်။

အသား၊ ကြက်ဥ အစရှိသည့်တိရစ္ဆာန်မှရရှိသည့်သံဓါတ်ကိုခန္ဓာကိုယ်မှအလွယ်တကူအသုံးပြုနိုင်သည်။ ပဲနှင့်ဟင်းသီးဟင်းရွက်အစရှိသည့်အပင်မှရရှိသည့် သံဓါတ်ကိုခန္ဓာကိုယ်မှအလွယ်တကူမစုတ်ယူနိုင်ချေ။အသားမစားသောသူများအဖို့ သံဓါတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသောသွေးအားနည်းရောဂါဖြစ်ရန်ပိုမိုလွယ်ကူသည်။

> **တစ်ချို့သော အစားအစားများမှာ ခန္ဓာကိုယ်မှ သံဓါတ်ကို စုတ်ယူရန် တားဆီးသည်။ ၎င်းတို့မှာ ကော်ဖီနှင့် လက်ဖက်ရည် တို့ ဖြစ်သည်၊ ဤကဲ့သို့သော အစားအစာများ ထမင်းစားချိန်တွင် ရှောင်ကြဉ်သင့်သည်။**

သံဓါတ် ပိုမိုပါဝင်သော အစားအစာများမှာ
- အသား
- အစိမ်းရင့်ရောင်ရှိသောဟင်းရွက်များ၊ ဥပမာ ကော်ဖီထုပ်နှင့်အခြားအစိမ်းရောင်ဟင်းရွက်များ
- သံဓါတ်ဖြည့်တင်းထားသောဂျုံမှုန့်နှင့်အခြားအစားအသောက်များ
- သီဟိုဠ်စေ့
- ပဲမျိုးစုံ

တစ်ချို့သော အစားအစားများမှာ ခန္ဓာကိုယ်မှ သံဓါတ်ကို စုတ်ယူရန် အကူအညီပေးသည်။ ၎င်းတို့မှာဗိုက်တာမင် စီဓါတ် အမြောက်အများပါဝင်သည့် အစားအစာများ (ဥပမာ သံပရာသီး၊ ချဉ်ပေါင်၊ မာလကာသီး၊ ရွှေဖရုံသီး၊ ခရမ်းချဉ်သီး) ဖြစ်သည်။ ဤအစားအစာများကိုသံဓါတ်ပါဝင်သောအစားအစာနှင့်အတူစားသုံးသင့်သည်။

တစ်ချို့သော အစားအစားများမှာ ခန္ဓာကိုယ်မှ သံဓါတ်ကို စုတ်ယူရန် တားဆီးသည်။ ၎င်းတို့မှာ ကော်ဖီ၊ လက်ဖက်ရည်တို့ ဖြစ်သည်၊ ဤကဲ့သို့သော အစားအစာများထမင်းစားချိန်တွင်ရှောင်ကြဉ်သင့်သည်။

### သွေးအားနည်း ရောဂါ၏ လက္ခဏာများ

- အားအင်ချို့နဲ့ခြင်း
- ပင်ပန်းနွမ်းနယ်ခြင်း
- လက်ဖဝါးများ၊ မျက်တွင်းသား၊ လျှာဖြူဖတ်ဖြူလျော်ဖြစ်ခြင်း
- သွေးစစ်ဆေးသည့်အခါသွေးအတွင်းဟေမို ဂ လိုဘင် သို့မဟုတ်ဟေမတိုခရစ်လျော့နည်းနေခြင်း

### သံဓါတ်ချို့တဲ့မှုကြောင့်ဖြစ်ပွားသောသွေးအားနည်းရောဂါကိုကာကွယ်ခြင်း

- သံဓါတ်ပါဝင်သော အစားအစာကို စားရန်
- ဗိုက်တာမင် စီဓါတ်ပါဝင်သည့်အစားအစာများကိုသံဓါတ်ပါဝင်သည့်အစားအစာနှင့်အတူစားရန် (ဥပမာ လိမ္မော်သီး၊ သံပုရာသီး၊ ခရမ်းချဉ်သီး၊ ဖျော်သီး၊ ရွှေဖရုံသီး အစရှိသည့် ဟင်းသီးဟင်းရွက်တို့ကိုစားရန်)
- ထမင်းစားချိန်တွင်လက်ဖက်ရည်၊ ကော်ဖီတို့ကို မသောက်ရန်သို့မဟုတ်နာရီအနည်းငယ်ခြားပြီးသုံးဆောင်ရန်။
- ပိုမှန်လူအားလုံးအားသန်ချပေးခြင်းနှင့်သံဓါတ်အားကြိုတင်ကာကွယ်သည့်အချိန်အဆကိုအသုံးပြုပြီးသံဓါတ်ဖြည့်တင်းပေးခြင်း။ အထူးသဖြင့်ကလေးများနှင့်ကိုယ်ဝန်ဆောင်နိုင်သည့်အရွယ်အမျိုးသမီးအားလုံးကိုသံဓါတ်ဝေငှပေးရန်လိုသည်။

### ဗိုက်တာမင် အေ

ခန္ဓာကိုယ်မှ ဗိုက်တာမင် အေဓါတ်ကို
၁။ ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန်၊
၂။ မျက်စိ ကျန်းမာ သန်စွမ်း စေရန်၊ နှင့်
၃။ ကလေးငယ်များ ပုံမှန် ဖွံ့ဖြိုး ကြီးထွားစေရန် အတွက် လိုအပ်သည်။

ဗိုက်တာမင်အေဓါတ်သည်ခန္ဓာကိုယ်၏အပေါ်မျက်နှာပြင်ရှိကလပ်စည်းများသန်စွမ်းစွာတည်ရှိနေမှုအတွက် အကူအညီပေးသည်။ ဥပမာ အရေပြား၊ မျက်သား၊ ခံတွင်း၊ အူ နှင့် ဆီးလမ်းကြောင်း



should be avoided at mealtimes

### *Signs and Symptoms of Anaemia*

- weakness
- fatigue (tiredness)
- pale palms, conjunctiva, tounge
- low hemoglobin or hematocrit from blood testing

### *Preventing Iron-Deficiency Anaemia*

- eat foods with iron in them
• Blended food should not get wet and do not let insects get into it. If these things happen, throw that part away and do not use it.

• Blended food can last for at least six months if you store it properly.

***ALL REFUGEES CAN AND SHOULD EAT BLENDED FOOD***

**"Don't waste this important food on animals; it is for your own health."**



# ရောနှောထားသည့်အစာများကိုနေရာဒေသအလိုက်ထုတ်လုပ်ခြင်း အာဖရိကတိုက်မှ မီဇိုလာ ခါတ်စုံမှုန့်

ကျန်းမာရေးစေတမာန်



**မီဇိုလာခါတ်စုံမှုန့် ကိုနိုင်ငံအတွင်း ရှိသော အရင်းအမြစ် ပစ္စည်း များဖြင့်ပြုလုပ်ထား သည့်အပြင်အာဟာ ရချို့တဲ့မှုကိုတိုက်ဖျက် ရာတွင်လည်းထိ ရောက်မှုရှိနိုင်သည်**

မီဇိုလာခါတ်စုံမှုန့်စီမံကိန်းသည် ၁၉၈၂ ခုနှစ်တွင်ဖခင် ရှုမား၊ ဘာကီနာ ဖါဆိုအရပ်၌ ပြင်သစ်ဆရာဝန်များစတင်တည်ထောင်ခဲ့ပြီး ကလေးများအာဟာရချို့တဲ့မှုကိုဖြေရှင်းရန်ဖြစ်သည်။ ပြင်သစ်မြောက်ပိုင်းမှကလေးအထူးကုဆရာဝန်များသည်အထက်ဖေါ် ပြပါနေရာသို့ခရီးသွားလည်ပတ်စဉ်တွင်ထိုဒေသ၌နေထိုင်စားသောက်မှုကိုကြည့်ရှုလေ့လာခဲ့သည်။ နောက်ဆုံးသူတို့သည်လူမှုရေးကိစ္စနှင့်စီးပွားရေးကိစ္စများအပါဝင်အာဟာရနှင့်ဆိုင်သောအခေါ်အလေးတိုက်လေ့လာမှုကိုဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ကြသည်။

လေ့လာချက်တွင်အောက်ပါအတိုင်းတွေ့ရှိခဲ့သည်။

- ကလေးများနှင့် လူကြီးတို့ အတွက်လိုလောက်သောအစားအစာချို့တဲ့နေခြင်း
- စက်ဖြင့်အမှုန့်လုပ်ရန်ငွေကြေးအကုန်အကျများခြင်း
- ပြင်ပမှအစားအစာထောက်ပံ့မှုကိုမှီခိုနေရခြင်း

**မီဇိုလာခါတ်စုံမှုန့်ကိုနိုင်ငံအတွင်းရှိသောအရင်းအမြစ်ပစ္စည်းများဖြင့်ပြုလုပ်ထားသည့်အပြင်အာဟာရချို့တဲ့မှုကိုတိုက်ဖျက်ရာတွင်လည်းထိရောက်မှုရှိနိုင်သည်**ဟုယူဆပြီးဒေသခံလူတို့၏အမူအကျင့်များကိုထဲ့သွင်းစဉ်းစားပြီးအခြားမိနီးဖလာအစားအစာများနှင့်မိခင်နို့တိုက်မှုတို့ကိုဖြည့်စွက်ပေးနိုင်သည့်လိုလောက်သောပရိုတင်းနှင့် အင်အားတန်ကိုးတို့ကိုထိုအမှုန့်ထဲတွင်ပါဝင်စေသည်။ နောက်ဆုံးတွင်ဒေသထွက်ဖြစ်ပြီးအဆိုပါဒေသတွင်စားသုံးသောနှံပြောင်း၊ ပဲပုပ်စေ့နှင့်မြေပဲကိုရွေးချယ်ကာအမှုန့်လုပ်ခဲ့ကြသည်။ ရရှိသောအမှုန့်သည်လည်းလွယ်ကူစွာအစာကြေနိုင်ပြီးကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထောက်ခံမှုစံချိန်များနှင့်လည်းကိုက်ညီသည်။

ယနေ့တွင်နိုင်ငံတစ်ဝှမ်းလုံးမီဇိုလာအမှုန့်အားမိနီးဖလာနည်းအကိုင်း ထုတ်လုပ် သည့်နေရာ ၁၀၀နေရာခန့်ရှိနေပြီးဖြစ်သည်။ အဆိုပါမီဇိုလာအမှုန့်ထုတ်ခြင်းသည်ကျန်းမာရေးခန်ကြီးဌာန၏ဒေသအလိုက်ထုတ်သောနို့ဖြတ်စာဖြစ်နိုင်ခရေးစီမံကိန်းဖြစ်လာခဲ့သည်။ ယူနီဆက်အဖွဲ့ အနေဖြင့်လည်းငွေကြေးအထောက်အပံ့ပေးသည်။ ၁၉၉၁–ခု တွင်မီဇိုလာစီမံချက်ကိုမာလီနိုင်ငံ၌လည်း ၄နေရာခန့်တွင်လုပ်ဆောင်စေခဲ့သည်။ မော်ရီတေး–ဗွီဒေသတစ်ခုလုံး၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးခဲ့သည်။

**မီဇိုလာ အမှုန့်တွင်ပါဝင်သည့်အရာများ**သည်စားသုံးသီးနှံနှင့် ပဲ၏သတ္တုပါသည့်အပင်များမှထုတ်လုပ်ပြီးမျှတသောအမိုင်နိုအက်စစ်အချိုးအစားကြောင့်ဇီဝရွှေ့ပြောင်းမှုလာသောပရိုတင်းနှင့်နီးကပ်စွာတူညီသည်။ နှံစားပြောင်းသည်ကစီဓါတ်နှင့်ပရိုတင်းဓါတ်ပါဝင်၍ပဲ၏သတ္တုရှိသောအပင် (မြေပဲနှင့်ပဲပုပ်) သည်အသားဓါတ် နှင့် ဆီများပါဝင်သည်။ အမှုန့်၏အင်အားဖြစ်စေတတ်သောတန်ဖိုးကိုမြှင့်တင်ပေးသည်။ အချိုးအစား **ပါဝင်မှုများ** မှာအောက်ပါအတိုင်းဖြစ်သည်။ အမှုန့်ကြိတ်ထားသောနှံစားပြောင်း = ၆၀ ရာခိုင်နှုန်း အမှုန့် ကြိတ်ထားသောပဲပုပ် = ၂၀ ရာခိုင်နှုန်းအမှုန့်ကြိတ်ထားသောမြေပဲ = ၁၀ ရာခိုင်နှုန်းနှင့်ကယ်လိုရီတန်ဖိုးမှာ အမှုန့် ၁၀၀ ဂရမ် တွင် ၄၂၀ ကယ်လိုရီပါ ရှိသည်။အင်အားဖြစ်စေသည့်တန်ဖိုးမှာ ၁၈၀၀ ဂျိုးလ်စ် ဖြစ်သည်။

မီဇိုလာစီမံကိန်းသည်အရပ်ဒေသအလိုက်အာဟာရချို့တဲ့မှုကိုတိုက်ဖျက်နိုင်သည့်နမူနာစီမံကိန်း တစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံတွင်လည်းအထက်ပါ ကဲ့သို့အမှုန့်ထုတ်လုပ်ပေးပါကငွေကြေးအကုန်အကျနည်းနည်းဖြင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ နှံစားပြောင်းအစားအာဟာရဓါတ်ပါဝင်မှုဆင်တူသည့်ပြောင်းဖူးကိုအစားထိုးနိုင်သည်။

ရိက္ခာအဖြစ်ပေးသောအမှုန့် ၁၀၀ ဂရမ်တွင်ရေဓာတ် ၁၂ ရာခိုင်နှုန်းပါဝင်သည်။

သတိပေးချက်။ ။ အမှုန့်ပြုလုပ်ရာတွင်နှင်သို လျှော်ရာတွင်ကူးစက်ရောဂါပိုးနှင့်မှိုရောဂါပိုးကိုသတိထားပါ။

## Making Blended Flour at Local Level. The example of MISOLA Flour in Africa

*Health Messenger Magazine*

The MISOLA project was born in 1982, in Fada'n Gourma, in Burkina Faso, on French doctors' initiative who found in this flour a solution to fight against malnutrition in children. During a private journey in Burkina Faso, Claire and Francois Laurent, pediatricians from the North of France, observed living conditions of people living in the villages and cities they visited. They finally decided to make a detailed nutritional survey including social and economical parameters in order to underscore the nutritional deficiencies of the population. The survey revealed that malnutrition was due to three main factors:

- Lack of available and adequate food for children and adults
- High cost of industrial flours
- Dependence on external food aid.

**The MISOLA flour appeared to be an effective means to fight malnutrition with the country's own resources.** Taking into account people's nutritional habits, ingredients with an adequate protein-energy value to complement breastfeeding and all other traditional foods were found on site. Mil, Soya and groundnut were finally selected, as these three plants could be locally produced and were commonly appreciated by the people. The flour obtained after transformation was easily digestible and corresponded to WHO's recommendations.

Nowadays, ten traditional production units of MISOLA flour have been implanted all throughout the country. The production of MISOLA flour is an integrated part of the Ministry of Health's "Plan for dissemination of weaning flour made with local products" and the project benefits from UNICEF financial support. In 1991, the MISOLA project has been exported to Mali where 4 production units cover the needs of Mopti-V region.

The MISOLA project is a good example of what can be done at local level to fight against malnutrition. In Thailand, the production of such a flour with local products could also be cost-effective option. Corn could replace small Millet as their composition in nutritious elements is quite similar.

**The MISOLA flour appeared to be an effective means to fight malnutrition with the country's own resources.**



## The composition of MISOLA

## မီစိုလာ အမှုန့်တွင်ပါဝင်သည့်အရာများ

| စားသုံးသီးနှံ Cereals | ပရိုတင်း(ဂရမ်) Proteins (g) | အဆီ Fats | အမျှင် Fibers | ကစီ Carbohydrates | အင်အား (ကော ကယ်လိုရီ) Energy (Kcal) | ထုံးဓါတ် (မီလီ ဂရမ်) Ca (mg) | သံဓါတ် (မီလီ ဂရမ်) Fe (mg) | ဘီ (၁) (မီလီ ဂရမ်) Thiamin (mg) | ဘီ (၂) (မီလီ ဂရမ်) Riboflavin |
|---|---|---|---|---|---|---|---|---|---|
| ပြောင်းဖူး Corn | ၉.၂ 9.2 | ၄.၆ 4.6 | ၂.၈ 2.8 | ၇၃ 73 | ၃၅၈ 358 | ၂၆ 26 | ၂.၇ 2.7 | ၀.၃၈ 0.38 | ၀.၂၀ 0.20 |
| နှံစားပြောင်း Small Mill | ၉.၇ 9.7 | ၅.၂ 5.2 | ၇.၆ 7.6 | ၆၀.၉ 60.9 | ၃၂၉ 329 | ၁၇ 17 | ၉.၃ 9.3 | ၀.၃၀ 0.30 | ၀.၀၉ 0.09 |

ရိက္ခာအဖြစ်ပေးသောအမှုန့် ၁၀၀ ဂရမ် တွင်ရေဓာတ် ၁၂ ရာခိုင်နှုန်းပါဝင်သည်။

သတိပေးချက်။ ။ အမှုန့်ပြုလုပ်ရာတွင်နှင့်သိုလှောင်ရာတွင်ကူးစက်ရောဂါပိုးနှင့်မှိုရောဂါပိုးကိုသတိထားပါ။

(Proportions for a ration of 100g with 12% of humidity)

WARNING: Durin preparation and storage of the flour, beware of contamination and fungus infection.

**မီစိုလာ အမှုန့်တွင်ပါဝင်သည့်အရာများ**သည် စားသုံးသီးနှံနှင့် ပဲဓါးသတ္တိပါသည့် အပင်များမှထုတ်လုပ်ပြီးမျှတသောအမိုင်နိုအက်စစ်အချိုးအစားကြောင့်တိရစ္ဆာန်မှလာသော ပရိုတင်းနှင့်နီးကပ်စွာတူညီသည်။ နှံစားပြောင်းသည်ကစီဓါတ်နှင့်ပရိုတင်းဓါတ်ပါဝင်၍ပဲဓါးသတ္တိရှိသောအပင် (မြေပဲနှင့်ပဲပုပ်)သည်အသားဓါတ်ပါဝင်နှင့်ဆီများပါဝင်သည်။ အမှုန့်၏အင်အားဖြစ်စေတတ်သောတန်ဖိုးကိုမြှင့်တင်ပေးသည်။

အချိုးအစား **ပါဝင်မှုများ**မှာအောက်ပါအတိုင်းဖြစ်သည်။

**အမှုန့်ကြိတ်ထားသောနှံစားပြောင်း** = ၆၀ ရာခိုင်နှုန်း

**အမှုန့်ကြိတ်ထားသောပဲပုပ်** = ၂၀ ရာခိုင်နှုန်း

**အမှုန့်ကြိတ်ထားသောမြေပဲ** = ၁၀ ရာခိုင်နှုန်း

**ကယ်လိုရီတန်ဖိုးမှာအမှုန့် ၁၀၀ ဂရမ် တွင် ၄၂၀ ကယ်လိုရီပါရှိသည်။**

**အင်အားဖြစ်စေသည့်တန်ဖိုးမှာ ၁၈၀၀ ဂျိုးလ်စ် ဖြစ်သည်။**

**The composition of MISOLA** is based on the association of cereals with leguminous plants that allows a balance of amino acids close to the one of animal proteins. The cereal (small mil) brings carbohydrates and proteins, and the leguminous plants (groundnut and Soya) are rich in proteins and fats that increase the energetic value of the flour.

The **ingredients** of the flour are mixed in the following proportions:

**Grilled Small Mil: 60 %**

**Grilled Soya: 20 %**

**Grilled Groundnut: 10 %**

**The calorific value of the flour is 420 calories for 100 g.**

**Its energetic value is 1 800 joules.**

**WARNING: During preparation and storage of the flour, beware of contamination and fungus infection**

**သတိပြုရန်။ ။**

**ရောနှောထားသည့်အမှုန့်အားပြုလုပ်ပြင်ဆင်ချိန်နှင့်သိုလှောင်စဉ်တွင်ကူးစက်ရောဂါပိုးနှင့်မှိုပိုးကိုသတိထားပါ။**

**Making Porridge with Fortified Flour .***TBBC*

**mix 1 part flour** **and 2 parts water**




# Fortified flour is a good ingredient for the preparation of first food.

# ကိုယ်ဝန်ဆောင်ခြင်းနှင့်အာဟာရ

*အပ်စုမတူညီကြသောလူတို့သည်ကွဲပြားခြားနားသောအာဟာရအမျိုးအစားများကိုစားသုံးရန်လိုအပ်သည်။ ကိုယ်ဝန်ဆောင်အုပ်စုသည်အာဟာရချို့တဲ့ရန်အန္တရာယ်ရှိ သောအုပ်စုတစ်ခု ဖြစ်သည်။ ဤဆောင်းပါးတွင်ကိုယ်ဝန်ဆောင်များအတွက်အာဟာရသည်မည်မျှ အရေးကြီးကြောင်းနှင့်မည်ကဲ့သို့ကောင်းမွန်သောအာဟာရကိုရရှိနိုင်ကြောင်းရှင်းလင်းတင်ပြထားသည်။*

**အပျိုဖော်ဝင်ချိန်အာဟာရပြည့်စုံမှုသည်ကိုယ်ဝန်ဆောင်ချိန်နှင့်ကြားအချိန်တို့၏အာဟာရအခြေအနေကိုအထောက်အကူပြုသည်။**

ကိုယ်ဝန်ဆောင်ခြင်းသည်အမျိုးသမီးတစ်ဦး၏ခန္ဓာကိုယ်အတွင်းတွင်ရုပ်ပိုင်းဆိုင်ရာအရ အချိန်ကိုက်ကောင်းမွန်စွာအပြောင်းအလဲများဖြစ်စေသောအခြေအနေတစ်ခုသာဖြစ်သည်။ ရောဂါတစ်ခုတော့မဟုတ်ပေ။ ပုံမှန်အားဖြင့်ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်သည်သူမကိုယ်ဝန်မဆောင်မီအချိန်က လုပ်ဆောင်ခဲ့သောအရာအားလုံး၊ ဥပမာ၊ အလုပ်လုပ်ခြင်း၊ ကာယလေ့ကျင့်ခန်းနှင့်အခြား အပန်းဖြေလှုပ်ရှားမှုများလုပ်ဆောင်နိုင်သည်။ သို့သော်သူမကျန်းမာရေးအတွက်အထူးဂရုစိုက်ရန်လိုမည်။ ခန္ဓာကိုယ်ကြီးထွားရန်အတွက်လိုအပ်သည်များကို ဖွံ့ဖြိုးဆဲ သန္ဓေသားသည်သူမအပေါ် မှီခိုရမည်ဖြစ်သည်။ စိတ်ပြအနေဖြင့်သူမသည် ကိုယ်ဝန်မဆောင်မီကျန်းမာရေးအလွန်ကောင်းရပေမည်။

ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်သည်လုံလောက်သောပရိုတင်း၊ အသီးအနှံ၊ ဟင်းသီးဟင်းရွက် နှင့် အရည် များစွာကိုစား သုံးရန်လိုအပ်သည်။ အထူးအခြေအနေဖြစ်သည့်ကိုယ်ဝန်ရှိသူတစ် ယောက်အနေဖြင့် သူမသည်ပုံမှန်အားဖြင့်ကိုယ်ဝန်ဆောင်စဉ်ကိုယ်အလေးချိန် ၁၀ ကီလိုခန့် တိုးစေရန်အစားအစာ စားသုံးရပါမည်။ ကိုယ်ဝန်ရှိစဉ်တွင် ဟော်မုန်းပြောင်းလဲမှုအခြေအနေအရစ်တွင်းပိုမိုကောင်းစာတ် ပါသည်။ အဆိုပါကဲ့သို့ဖြစ် ခြင်းသည် သဘာဝအားဖြင့်သန္ဓေသားကြီး ထက်မှုဖြစ်ပေါ်စေရန် ဖြစ်သည်။ ကိုယ်ဝန်မဆောင်မီအချိန်ကခန္ဓာကိုယ်အလေးချိန်လျော့အောင်စားသုံးသူအမျိုးသ

---

## ကိုယ်ဝန်ဆောင်စဉ်ကိုယ်အလေးချိန်တိုးရန် (ခန့်မှန်းချက်)

၃.၀ ကီလိုဂရမ် = သန္ဓေသားအတွက်
၄.၀ ကီလိုဂရမ = သားအိမ်၊ အချင်း၊ ရင်သား၊ သွေးသားနှင့်ခန္ဓာကိုယ်အရည်များအတွက်
၃.၀ ကီလိုဂရမ် = အဆီပြင် (နို့ရည် ဖြစ်ရန်အတွက်)
၁၀ကီလိုဂရမ် = ကိုယ်ဝန်ဆောင်စဉ်ကိုယ်အလေးချိန်တိုးရန်စုစုပေါင်းလိုအပ်ချက်

*(မူရင်း Healthy Pregnancy, Health Baby by Andrea Menefee (Burmese Border Consortium)*

---

များသည်ကိုယ်ဝန်ဆောင်သည့်ကာလတွင်အစားအစာလျော့၍စားသုံးခြင်းကိုရပ်ဆိုင်းသင့်သည်။ ဆက်လက်၍အစားအစာလျော့စားသုံးလျှင်သန္ဓေသား၏ကျန်းမာရေးအခြေအနေကိုထိခိုက်စေနိုင်သည်။ ကိုယ်ဝန်ဆောင်မိခင်တို့သည်ခံနိုင်ရည်နှင့်အင်အားရှိရန်အတွက်ပုံမှန်ကာယလေ့ကျင့်မှုနှင့်သင့်တင့်သောအာဟာရရှိရပေမည်။

## အာဟာရလိုအပ်ချက်များ

ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်သည်အာဟာရကိုအထူးဂရုစိုက်ရမည်။ သူမ၏အစားအသောက်တွင်ကလေးပုံမှန်ကြီးထွားစေမည့်အာဟာရများပါရှိရမည်။ ထိုသို့မပါရှိလျှင်သူမ နှင့် သူမ၏ကလေးအတွက်ထိခိုက် မှုရှိနိုင်သည်။

ကိုယ်ဝန်ဆောင်တစ်ဦးသည်မျှတပြီးအမျိုးစုံစွာစားသုံးသင့်သည်။ ထုံး (ကယ်လစီယမ်) ဓါတ်၊ သံဓါတ်၊ မီးဓုံး ဓါတ်၊ မက်ဂနီဆီယမ်ဓါတ်၊ ဗိုက်တာမင်ဘီနှင့်ဖေါလစ်အက်စစ်ဓါတ်တို့ပါဝင်သောအစား အစာတို့သည်အလွန်အလွန်အရေးကြီးသည်။ ဤဗိုက်တာမင်များနှင့်သတ္တုဓါတ်များသည်ကလေး

## Pregnancy and Nutrition

*Health Messenger Team*

***Different groups of people need different types of nutrition and pregnant women is one group vulnerable to malnutrition. This article explains why nutrition is important for pregnant women and how they can ensure they get a good diet.***

Pregnancy is a condition that requires a series of complex yet coordinated changes to occur in the female body. It is not an illness. In ordinary circumstances a pregnant woman can do almost all the things she did before she became pregnant, including working, exercising, and participating in recreational activities. She should, however, take extra care of her health. For 9 months, a fetus will be depending on her for all its body-building materials. Ideally, she should be in excellent health before starting the pregnancy.

A pregnant woman should be sure to eat adequate quantities of protein foods, fruits, vegetables, and grains and to drink plenty of liquids. Because she is eating for a special condition; pregnancy, she should expect to gain a reasonable amount of weight, ideally about 10 kg during the course of the pregnancy. The hormonal changes that occur with pregnancy account for the woman's increased appetite. This is natural way of providing for the developing fetus. Women who are weight-watchers before the pregnancy should cease dieting while they are pregnant because continued dieting can have an adverse effect on the health of the fetus. Pregnant women should also get regular exercise and

**Weight gain in pregnancy (approximately);**

**3.0 kg = the baby**
**4.0 kg = increase in size of uterus and breasts, inreased blood and fluids, and placenta**
**3.0kg = fat stores, to be used after baby is born to make breast milk**

**10.0kg=Total Average Weight Gain During Pregnancy**

*(Source: Healthy Pregnancy, Health Baby by Andrea Menefee (Burmese Border Consortium)*

**"Nutrient stores built up in adolescence help the nutrition of women during and between pregnancies"**



A pregnant woman should be sure to eat adequate quantities of protein foods, fruits, vegetables, and grains

ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်သည်လုံ လောက်သောပရိုတင်း၊ အသီးအနှံ၊ ဟင်းသီး ဟင်းရွက် နှင့် အရည် များစွာကိုစား သုံး ရန်လိုအပ်သည်။

## အစားအစာနှင့်အာဟာရများ

**မမွေးမီနှင့် မီးဖွားစဉ်ကာလ ရှိမိခင်၏အာဟာရ သည်သန္ဓေသား ၏တိုးတက်ဖြစ်ပေါ်မှု၊ ကြီးထွားမှုနှင့် မွေးစကိုယ်အလေး ချိန်အပေါ်လည်း လွှမ်းမိုးမှုရှိသည်။ ထိုအပြင်မွေးဖွား ချိန်တွင်ခံနိုင်ရည်ရှိ ခြင်းကိုလည်းပတ် သက်ထိခိုက်နိုင်သည်။**

အတွက်ကျန်းမာသန်စွမ်းသောဆဲများဖြစ်ပေါ်စေရန်အတွက်လည်းအရေးကြီးပါသည်။ ကိုယ်ဝန်ဆောင် မိခင် တစ်ယောက်အနေဖြင့်သူမနှင့်ကလေးအတွက်လုံလောက်သော အာဟာရများရရှိရမည်။ မရရှိလျှင်၊ သူမ၏ခန္ဓာကိုယ်အတွင်း၌ သိုလှောင် ထားသော ဗိုက်တာမင် နှင့် သတ္တုဓါတ်များကိုသန္ဓေသားမှရယူသဖြင့်သူမအင်အားနည်းသွားနိုင်သည်။

ပရိုတင်းအစားအစာဖြစ်သော အသား၊ ငါး နှင့် ဥအမျိုးမျိုးတို့သည် ညီမျှစွာအရေးပါသည်။ ကလေးငယ်၏ ခန္ဓာကိုယ်တစ်လျှူးများတည်ဆောက်ရန်ပရိုတင်းသည်အုပ်ချုပ်များဖြစ်ပါ သည်။ ထို့ကြောင့် ပရိုတင်းချို့တဲ့လျှင် ကလေး၏ ခန္ဓာကိုယ်တည်ဆောက်တိုးတက်မှုကိုထိခိုက်နိုင်သည်။ အထူးသဖြင့်ကလေး၏ဦးနှောက်သည်အများဆုံးထိခိုက်နိုင်သည်၊ ကလေးငယ်တစ်ယောက်၏ဦးနှောက်သည်မွေးပြီးပြီးခြင်းနှင့်မမွေးမီကာလအချိန်ပိုင်း၌ပိုမိုလျင်မြန်စွာကြီးထွားသည်။ မိခင်၏အစားအသောက်ထဲတွင်ပရိုတင်းလုံလောက်စွာမပါရှိလျှင်ဦးနှောက်ဖွံ့ဖြိုးမှုပုံမှန်မဖြစ်ပါ။ အမှန်စင်စစ်၊ နောက်ပိုင်းတွင်ကလေးပရိုတင်းဓါတ်ရရှိသည့်တိုင်၊ ဘယ်တော့မှဦးနှောက်ဖွံ့ဖြိုးမှုမဖြစ်နိုင်တော့ပါ။ ကလေးငယ်သည်မိခင်၏ညံ့ဖျင်းသော အစားအသောက်၏သားကောင်အဖြစ်ဘဝတစ်လျှောက်လုံးအသိဉာဏ်နိမ့်ကျသောသူအဖြစ်ခံစားရပေလိမ့်မည်။

### အစားအစာနှင့်အာဟာရများ

ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်သည်သရေစာ ၂ ကြိမ်အပါအဝင်တစ်နေ့လျှင်အနည်းဆုံး ၅ ကြိမ်ခန့်အစားအစာကိုစားသုံးသင့်သည်။ အဆိုပါအစားအစာတို့သည်မျှတပြီးအမျိုးစုံသောအစားအသောက်များဖြစ်ရမည်။ အများသိထားသည့်အတိုင်းကိုယ်ခန္ဓာကိုယ်ကြီးထွားခြင်းနှင့်ပြုပြင်ပေးသောအစာအုပ်စု၊ အင်အားကိုဖြစ်စေသောအစားအစာအုပ်စုနှင့်ရောဂါကိုအကာအကွယ်ပေးသောအစားအစာအုပ်စုသည်တို့ပါဝင်ရမည်။ ထိုအပြင်ကိုယ်ဝန်ဆောင်နိုင်သောအမျိုးသမီးအားလုံးသည်၊ ဖေါလစ်အက် စစ်၊ သံဓါတ်(တနေ့လျှင် ၂၀၀ မီလီဂရမ်) နှင့် ဘီ ၁ (ဝမ်း) တနေ့လျှင် ၁၀ မီလီဂရမ်အစားအစာလုံလောက်စွာမရမခြင်းကြောင့်ဖြည့်စွက်ပေးသင့်သည်။

**ခန္ဓာကိုယ်ကိုကြီးထွားပြုပြင်ပေးသောအစားအစာအုပ်စု။ ။**
ဤအုပ်စုကို ခန္ဓာကိုယ်တည်ဆောက်ပေးသောသည့်အစားအစာအုပ်စုဟုလည်းခေါ်ဆိုနိုင်သည်။ အဆိုပါအုပ်စုတွင်ပရိုတင်းများပါဝင်သည်၊ ပရိုတင်းသည် ခန္ဓာကိုယ်ကိုကြီးထွားမှုနှင့် ပြုပြင်ထိမ်းသိမ်းမှုတို့ကိုလုပ်ဆောင်ပေးသည်။ အထက်ပါအုပ်စုတွင်ပါဝင်သည့် အစားအစာများမှာ၊ မိခင်နို့၊ ဒိန်ခဲ၊ တို့ဟူး၊ ပဲပုပ်၊ အခြားပဲအမျိုးမျိုး၊ ဘဲသား၊ ဝက်သား၊ အမဲသား၊ ဂဏန်း၊ ပုဇွန်၊ ငါး၊ ဥအမျိုးမျိုး၊ ကင်းပုံ၊ငါးငါးရှဉ့်နှင့် အခြားတိရစ္ဆာန်၏အသားများပါဝင်သည်။

**အင်အားကိုဖြစ်စေသည့်အစားအစာအုပ်စု။ ။**
အဆိုပါအစားအစာများမှာကာဗိုဟိုက်ဒရိတ်ခေါ် ကာဆီဓါတ်နှင့်ဆီအမျိုးတို့ပါဝင်ပြီး ခန္ဓာကိုယ်လှုပ်ရှား မှုအတွက်မီးထိုးဆီလည်းဖြစ်သည်။ ကာဆီဓါတ်များစွာပါသော အစားအစာများမှာ၊ ထမင်း၊ ခေါက်ဆွဲအမျိုးမျိုး၊ အာလူး၊ ကန္ဒွန်းဥ၊ ပိန်းဥ၊ မျောက်ဥ၊ ပြောင်းဖူး၊ ပေါင်မုန့်၊ သကြား၊ ကြံရည်နှင့် များရည်တို့ပါဝင်သည်။ အဆီဓါတ်များ စွာပါသောအစား၊ အစာများမှာ၊ အုန်းနို့၊ ဟင်းချက်ဆီအမျိုးမျိုး၊ ထောပတ်နှင့်အခြားတိရစ္ဆာန်အဆီများဖြစ်သည်။

**ရောဂါကိုအကာအကွယ်ပေးသောအစားအစာအုပ်စု။ ။**
ဤအုပ်စုတွင်အရေးပါသောဗိုက်တာမင်များနှင့်သတ္တုဓါတ်များပါဝင်သည်။ အဆိုပါတို့တွင်အချိန်အဆအားဖြင့်အနည်း ဘဝယ်သာလိုအပ်သောဗိုက်တာမင် ဧအ၊ ဘီအုပ်စု၊ စီ၊ ဒီ၊ အီး၊ ကေ၊ သံဓါတ်၊ အိုင်အိုဒင်းဓါတ်၊ ထုံးဓါတ်နှင့်ကျန်းမာရေးကောင်းမွန်ရန်လိုအပ်သောအခြားဓါတ်များလည်းပါဝင်သည်။ ဇေါ်ပြပါအုပ်စုတွင်ပါဝင်သောအစားအစာများမှာအသီးအနှံနှင့် ဟင်းသီးဟင်းရွက်များဖြစ်သော်လည်းအချို့တိရစ္ဆာန်များမှရရှိသောအစားအစာ

## Foods and nutrients

proper nutrition to maintain their strength and endurance.

### Nutrition requirements

A pregnant woman must pay special attention to nutrition. Her diet must provide the nutrients the baby needs to develop properly. Otherwise, both her health and that of her baby can be affected.

A pregnant woman needs to eat a varied and balanced diet. Foods high in calcium, iron, phosphorus, magnesium, vitamin D, and folic acid are very important. These vitamins and minerals are needed for the baby to form healthy cells. A pregnant woman must get enough nutrients for both herself and the baby. If she doesn't, she may feel weak as the vitamins and minerals stored in her body are taken away by the foetus.

Protein foods such as meat, fish, and eggs are equally necessary. Protein supplies the building blocks for all of the baby's body tissues, so lack of protein can affect development of the baby's whole body. But it is the baby's brain that can be most affected. A baby brain's grows most rapidly just before and after birth. If the mother's diet does not supply enough protein, normal brain development does not take place. In fact, it will never take place, even if the baby later gets more protein. Throughout life, then, the baby will be mentally retarded, a victim of its mother's poor diet.

### Foods and nutrients

A pregnant woman should eat meals at least 5 times a day, which includes 2 snacks that contain a variety of balanced diet from three food groups commonly known as foods for growth and repair, foods for energy and foods for protection. In addition, all women of child bearing age should be supplemented with Folic Acid, Iron (200 mg per day) and Vitamin B1 (10 mg per day) as long as the food provided is not enough.

***Foods for growth and repair:***
This food group is also named as body building foods. This group contains proteins, a type of nutrients used by the body for growth, maintenance and repair of body tissues. They include breast milk, cheese, tofu, soybeans, other beans, duck, pork, beef, crab,

**"Mother's nutrition before and during pregnancy influences growth and development of the foetus and also its birth weight; it also affects her chances of surviving the delivery"**



## ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်သည်အောက်ပါအတိုင်းနေ့စဉ်စားသုံးသင့်သည်

တို့သည်လည်း ဤအုပ်စု အတွက် အ ရေး ကြီးသောအာဟာရများဖြစ်ကြသည်



ကဆီ ဓါတ်များစွာပါသော အစားအစာများမှာ၊ ထမင်း၊ ခေါက်ဆွဲအမျိုးမျိုး၊ အာလူး၊ ကဇွန်းဥ၊ ပိန်းဥ၊ မျောက်ဥ၊ ပြောင်းဖူး၊ ပေါင်မုန့်၊ သကြား၊ ကြံရိုး နှင့် ပျားရည်တို့ပါဝင်သည်။

**ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်သည်အောက်ပါအတိုင်းနေ့စဉ်စားသုံးသင့်သည်**

- ဆန်နို့ဆီဘူးတစ်လုံးချက်
- ပဲအကြမ်းပုဂံတစ်လုံးခန့် (မချက်ရသေးမှီ ၅၀ ဂရမ်ခန့်)
- ကြက်ဥ (သို့မဟုတ်) ဘဲဥ တစ်လုံး + အသား + ကြက်သား၊ ငါး ရနိုင်လျှင်စားပါ
- အရွက်ကြီးသောဟင်းသီး ဟင်းရွက်
- အသီးအနှံနှင့်အခြားဟင်းရွက်များ
- ဟင်းချက်ဆီ

ကျန်းမာသောကလေးမွေးဖွားရန်အတွက် **ကိုယ်ဝန်ဆောင်မိခင်အားလုံးသည်ကိုယ်ဝန်ဆောင်အားဆေး၊ သတ္တုဓါတ်၊ အပိုသံဓါတ်၊ ဖေါလစ်အက်စစ်ဓါတ် နှင့် ဗီတာမင် ဘီ တို့ကိုမပျက်မကွက်စား သုံးသင့်သည်။**

မှရင်း — *Healthy Pregnancy, Health Baby by Andrea Menefee (BBC)*

မှရင်း -
- Health Pregnancy, Healthy Baby- Health Messenger magazine Issue No. 19/20033
- Targeting Wellness: The Core-Marvin R, Levy, Mark Dignan and Janet H. Shirreffs/1992
- Understanding Health/Second Edition - William M. Kanel/Random House School Division/ New York

**Pregnant mother should eat every day as follows:**

shrimp, fish chicken, eggs, squid, eel and other animal meats.

***Foods for energy:***
These foods are good sources of carbohydrates or fats (types of nutrients) used by the body to provide fuel for physical activity. Foods rich in carbohydrates are rice, noodles, potato, sweet potato, taro, yam, corn, bread, sugar, sugar cane and honey. Those high in fats are coconut milk, cooking oil, butter, and animal oils.

***Foods for protection:***
This food group contains essential vitamins and minerals, types of nutrients that work with the bodybuilding and energy foods in preventing and fighting diseases and illnesses. They contain micro-nutrients classified as vitamin A, B, C, D, E, K, iron, iodine, calcium and many others, which are necessary for health. Foods in this group include mainly fruits and vegetable, but animal foods are also very important sources of these nutrients.



**Pregnant mother should eat every day as follows:**

- **almost 1 milk tin of raw rice (8-9 cups of cooked rice/flour)**
- **1 or more cups of beans (about 50 grams raw)**
- **1 egg + meats + chicken, fish, if available**
- **a little more than 1/2 cup of leafy green vegetables**
- **1/2 cup of fruit, or other vegetables**
- **plenty of oil to cook foods**

**All pregnant women should be sure to take their prenatal vitamins and minerals - the extra iron, calcium, folic acid and B vitamins are important in ensuring a healthy delivery and healthy baby!**

*Source: Healthy Pregnancy, Health Baby by Andrea Menefee (Burmese Border Consortium)*

**“Foods rich in carbohydrates are rice, noodles, potato, sweet potato, taro, yam, corn, bread, sugar, sugar cane and honey.”**

**Sources:**


- Health Pregnancy, Healthy Baby- Health Messenger magazine Issue No. 19/20033
- Targeting Wellness: The Core-Marvin R, Levy, Mark Dignan and Janet H. Shirreffs/1992
- Understanding Health/Second Edition - William M. Kanel/Random House School Division/New York

# မိခင်နို့တိုက်ခြင်း

ကျန်းမာရေးစေတမန်အဖွဲ့

***ဤဆောင်းပါးတွင် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးဝန်ထမ်းများနှင့် မိခင်များအတွက်မိခင်နို့တိုက်ခြင်း၏အားသာချက်များကိုလေ့လာနိုင်ပြီးဗဟုသုတနှင့်လမ်းညွှန်မှုများကိုလည်းပေးပါလိမ့်မည်။***

ကလေးမွေးဖွားခြင်းကိစ္စသည် မိခင်၏ရင်သားများကိုနို့ထွက်စေရန် လှုံ့ဆော်ပေးသည်။ မိခင်နို့သည် ကလေးငယ်များ အတွက် သဘာဝ အစားအစာ ဖြစ်သည်။ မိခင်နို့အား အစားထိုး အတုလုပ်ရာတွင် လည်းမိခင်နို့ကဲ့သို့ ပုံစံတူ ပြုလုပ်နိုင်စွမ်းမရှိသေးကြောင်းသိရသည်။

မိခင်နို့သည် အတုတီထွင်ထားသောနို့မှုန့်ထက် အားသာချက်များစွာကို ပေးနိုင်စွမ်းရှိသည်။ မိခင်နို့သည် ကူးစက်ရောဂါများကိုကလေးများအနေဖြင့်ခုခံနိုင်စွမ်းရှိရန်အတွက် မိခင်၏ခန္ဓာကိုယ်မှရောဂါများအား တိုက်ခိုက်နိုင်စွမ်းရှိသည့်ပဋိပစ္စည်းများကိုကလေးငယ်အားလွှဲပြောင်းပေးသည့်ပစ္စည်းလည်းဖြစ်သည်။ မိခင်နို့သောက်သုံးရသောကလေးသည် အာဟာရချို့တဲ့ခြင်း၊ အာဟာရလွန်ကဲခြင်း၊ ကိုယ်အလေးချိန်များလွန်းခြင်းနှင့် ဝမ်းချုပ်ခြင်းဖြစ်ပွားမှုမရှိပါ။ မိခင်နို့သည် အင်ပြင်အသားထွက်တတ်သည့် ဓါတ်မတည့်ခြင်းကိုနည်းပါးစေသည်။ အမှန်စင်စစ် မိခင်နို့သည် အတုနို့မှုန့်များ ထက်ဈေးအကုန်အကျလည်းနည်းစေပါသည်။

မိခင်နို့တိုက်ခြင်းသည်မိခင်အားလည်း အကျိုးရှိစေပါသည်။ နို့တိုက်ခြင်းဖြင့် သားအိမ်အား ပိုမိုကျုံ့စေပြီးမူလ အနေအထားသို့လျှင်မြန်စွာရောက်ရှိစေနိုင်သည်။ ထို့အပြင် မိခင်နှင့် ကလေးအားလည်းစိတ်အားဖြင့်ပိုမိုသံယောဇဉ်တွယ်စေပါသည်။

မိခင်အားလုံးတိုင်းလိုလိုသည် သူတို့၏ ရင်သွေးငယ်များကိုနို့တိုက်နိုင်စွမ်းရှိသည်။ သူတို့သည်မိခင်နို့ အလုံအလောက်ထုတ်လုပ်နိုင်ရန် သူတို့၏တစ်နေ့တာစားသုံးသည့်အစား အစာတို့တွင်ကယ်လိုရီ ၅၀၀ မှ ၁၀၀၀ အထိ အပိုထပ်ဆောင်းထည့်ပေးရမည်။ သူတို့သည်အရည်များကိုလည်းပိုမိုသောက်သုံးရမည်။ ကလေးငယ်တစ်ဦးအတွက်မိခင်နို့တစ်မျိုးတည်းသာအသင့်အလျော်ဆုံးဖြစ်သည်။ မိခင်နို့တိုက်လျှင်မွေးစမှ ၆ လအထိ အခြား အစားအစာနှင့်ရေအပါအဝင်အခြားအရည်တို့တိုက်ကျွေးရန်မလိုပါ။ မိခင်နို့သည်အချိန်တိုင်းကလေးအတွက်အကောင်းဆုံးဖြစ်သည်။ မိခင်နို့၏အစားထိုး ဖြစ်သော နွားနို့၊ နို့မှုန့်အရည်၊ နို့မှုန့်နှင့်ကဆီဓါတ်အစားအစာတို့သည်မိခင်နို့ထက် နိမ့်ကျ ပြီးညံ့ဖျင်းသည်။ ပူအိုက်သောနွေရာသီ၌ပင်ကလေး ငယ်အတွက်မိခင်နို့တွင်ရေအလုံအလောက်ပါရှိသည်။ ကလေးရေဆာပြေစေရန်အချိုရေ သို့မဟုတ် အခြားအရည်အပိုထပ်တိုက်ရန် မလိုအပ်ပေ။ အဆိုပါရေနှင့် အရည်တို့သည်ကလေးအတွက်အန္တရာယ်ဖြစ်စေပြီးဝမ်းလျှောခြင်းနှင့်အခြားရောဂါများဖြစ်စေနိုင်သည်။

## အမျိုးမျိုးသောမိခင်နို့များ

**နို့ဦးရည်။ ။** မွေးဖွားပြီး ပထမဦးဆုံးနေ့များတွင် မိခင်နို့သည် ပျော့နေပြီးမည်သည့်အရာမှမရှိသည့်အတိုင်းဖြစ်နေမည်။ နို့ဦးရည်ဟုခေါ်သောအဝါရောင်နို့အနည်းငယ်သာထွက်မည်။ အဆိုပါနို့ဦးရည်တွင် အခြားနို့များထက်ခုခံအားပဋိပစ္စည်းများပိုမိုပါရှိသည့်အပြင်ကလေးများအတွက် လည်းအာဟာရဖြစ်ပြီးကူးစက်ရောဂါများကိုလည်း အကာအကွယ်ပေးသည်။ မိခင် နို့ရရှိရန်အတွက်စောင့် ဆိုင်းနေစဉ် အခြားမည်သည့် အစားအစာကိုမှတိုက်ကျွေးရန်မလိုအပ်ပေ။ တချို့လူမျိုး အသိုင်း အဝိုင်းတွင်နို့ဦးရည်အားကလေးငယ်ကိုတိုက်ကျွေး ခြင်းမပြုရန်အကြံပေးကြသည်။ ထိုအကြံပေးချက်သည် မှားယွင်းသောအချက်ဖြစ်သည်။

**သက်ရင့်နို့ရည်။ ။** မွေးဖွားပြီးရက်အနည်းငယ်တွင် မိခင်၏ ရင်သားများသည် တောင့်ပြီး ကြီးထွားပြည့်ဖြိုးလာ နိုင်ပြီး တစ်ခါ တစ်ရံ တင်းမာနေတတ်သည်။ ထိုနောက်ကလေးငယ်လိုအပ်သောသက်ရင့်နို့ရည်ကိုစတင်ထုတ်ပေးသည်။ တစ်ခါတစ်ရံ ၂ ရက်အတွင်း ရရှိ၍တစ်ခါတစ်ရံ ၂ ရက်ထက်ပိုကြာတတ်သည်၊ မွေးမွေးခြင်း ကလေးငယ်အားစော၊ စော နို့စို့စေခြင်း သည်သက်ရင့်နို့ရည် ရရှိရန်ပိုမိုမြန်

**မိခင်နို့**

- ကလေးငယ်၏အသက် ၆ လအထိလိုအပ်သောအာဟာရများအတိအကျပါရှိသည်။
- အလွယ်တကူအစာကျေလွယ်၍ခန္ဓာကိုယ်မှထိရောက်စွာအသုံးချနိုင်သည်။
- ကူးစက်ရောဂါများကိုကာကွယ်ရန်မိခင်၏ကိုယ်ခံအားကိုဝေမျှပေးသည်။

**မိခင်နို့တိုက်ခြင်း**

- မိခင်နှင့်ကလေးကိုသံယောဇဉ်ချစ်ခင်နှောင်ဖွဲ့မှုဖြစ်ရန်အထောက်အကူပေးသည်။
- မိခင်နို့တစ်မျိုးတည်းသာကလေးအားတိုက်လျှင် ၆ လအထိကိုယ်ဝန်ဆောင်ခြင်းကိုတားဆီးနိုင်သည်။
- မိခင်နို့တိုက်ခြင်းသည်နို့ဘူး (အခြားနို့အစားထိုး) တိုက်ခြင်းထက်ငွေအကုန်အကျနည်းသည်။

## Breastfeeding

*Health Messenger Magazine*

***This article provides knowledge and guidelines to help health workers, social workers and mothers to learn the advantages of breastfeeding.***

The birth process stimulates the mother's breasts to produce milk. This milk is the natural food for infants. Modern science has not yet been able to duplicate the composition of human milk for artificial feeding.

Human milk provides an infant with a number of benefits that artificial formula does not. It transfers disease-fighting substances from the mother's body, providing the baby with a greater resistance to infections. Breast-fed infants are also less likely to be overweight or underweight and constipated. In addition, breastfeeding reduces the occurrence of allergies, and it is, of course, less expensive than artificial feeding.

Breastfeeding has benefits for the mother as well. It causes the uterus to contract back to its normal size more quickly. In addition, the intimacy involved in breastfeeding may strengthen the emotional bond between mother and child.

Almost all mothers are capable of breast-feeding their infants. They must

include an extra 500 to 1000 calories per day in their diet to produce an adequate supply of milk. They must also drink an extra liter or more fluid.

Breast milk alone is the best possible food and drink for a baby. No other food or drink is needed for about the first six months of life. From the moment of birth up to the age of six months, breast milk is all the food and drink a baby needs. It is the best food a child will ever have. All substitutes, including cow's milk, infant formula, milk powder solutions, and cereal meals, are inferior. Even in hot, dry climate, breast milk contains sufficient water for a young baby's needs. **Additional water or sugary drinks are not needed** to quench the baby's thirst. They can also be harmful leading to diarrhea and other illnesses.

### Different kinds of breast milk

***Colostrum:***

For the first days after the delivery the breasts feel soft and empty and secrete only small amounts of yellowish milk, called colostrum. The colostrum contains more anti-bodies than the later milk. It is nutritious and helps to protect babies against infections. The baby does not need any other food or drink while waiting for the mother's milk to come in. In some community, mothers are advised not to feed this colostrum to their babies. This advice is wrong.

***Mature Milk:***

A few days after giving birth, the mother's breasts start to feel full and sometimes hard. They begin to produce mature milk with all the nutrients that the baby needs. Sometimes it comes in 2 days or more. It comes more quickly if the baby is allowed to suckle frequently from the time of delivery. This situation is called unrestricted feeding.

**Breastfeeding**
- **Helps the mother and baby to bond;**
- **Helps to delay a new pregnancy for 6 months if it is exclusive breastfeeding; and**
- **Costs less than artificial feeding.**

**Breast Milk**
- **Contains exactly the nutrients that a baby needs up to the age of 6 months;**
- **Is easily digested and efficiently used by the body; and**
- **Shares the mother's immunity that protects a baby against infections.**

## မိခင်နို့တိုက်ခြင်းနှင့်ပတ်သက်သည့်အဖြစ်များသည့်ပြဿနာများ

ဆန်စေသည်။ အဆိုပါအခြေအနေ ကိုဟန့်တားခြင်းမရှိသောနို့တိုက်ကျွေးခြင်းဟုခေါ်ဆိုသည်။

### ရှေ့ထွက်နို့ရည်နှင့်နောက်ပိုင်းထွက်နို့ရည်။

နို့တိုက်စဉ်အတွင်းထွက်သောနို့ရည်သည်တစ်မျိုးတစ်စားတည်းမဟုတ်ပေ။ ပထမပိုင်းနို့တိုက်စဉ်တွင်နို့သည် မီးခိုးရောင်ဖြစ်ပြီး ရေကျဲသည်။ ပရိုတင်း (အသား) ဓါတ်များပါဝင်သည်။ ဗိုက်တာမင်နှင့်နို့သကြားဓါတ်များ ပါဝင်သော် လည်းအဆီဓါတ်များစွာမပါဝင်ပေ။အဆိုပါနို့ရည်ကိုရှေ့ထွက်နို့ရည်ဟုခေါ်သည်။ နို့တိုက်ပြီးခါနီးတွင်နို့သည်ပိုမိုဖြူဖွေးလာသည်။ အဆိုပါနို့ရည်ကိုနောက် ပိုင်းထွက်နို့ရည်ဟုခေါ်သည်။ နောက်ပိုင်းထွက်နို့ရည်တွင်အဆီဓါတ်ပိုမိုပါဝင်ပြီးအင်အားအတွက်ပိုမိုအရေးကြီးသည်။

### မိခင်နို့တိုက်ခြင်းနှင့်ပတ်သက်သည့်အဖြစ်များသည့်ပြဿနာများ

**ရင်သားတင်းမာခြင်း။ ။**
တစ်ခါတစ်ရံ ရင်သားများသည်ရောင်ရမ်းခြင်း၊ နာကျင်ခြင်း၊ တင်းမာခြင်းနှင့်ရင်သားများတွင်အရည်များစုဆောင်းနေတတ်ပြီးနို့မစီးမဆင်းသည့်အခြေအနေဖြစ်တတ်သည်။ ဤကဲ့သို့အခြေအနေကိုရင်သားတင်းခြင်းဟုခေါ်သည်။ အဆိုပါအခြေအနေသည် မိခင်နို့တိုက်ကျွေးမှု နောက်ကျခြင်းကြောင့်ဖြစ်သည်။ ကာကွယ်ရန်မှာ မွေးစကလေးကိုမွေးပြီးပြီးခြင်းနို့စို့ရန်ခွင့်ပြုရမည်။ ပြုစုကုသရန်အတွက်မိခင်အားသူမ၏နို့ရည်အချို့ကိုညှစ်



**အသက်အရွယ်အလိုက်မိခင်နို့တိုက်ကျွေးခြင်း**

| | |
|---|---|
| **မွေးစကလေးငယ်များအတွက်။ ။** | မွေးပြီးပြီးချင်းပထမနာရီပိုင်းအတွင်းတွင်မိခင်နို့တိုက်ခြင်းကိုစတင်ပါ။ နို့ဦးရည်ကိုလည်းတိုက်ကျွေးပါ |
| **မွေးစမှ ၆လကလေးများအတွက်။ ။** | ကလေး၏အသက် ပထမ ၆လ အထိ မိခင်၏နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးပါ (ရေ နှင့် အခြားအချိုရည်များ လုံးဝမတိုက်ရ) |
| **၇လ မှ ၁၁လ ကလေးများအတွက်။ ။** | ကလေးငယ်ကြီးထွားဖွံ့ဖြိုးရန်မိခင်နို့တစ်မျိုးတည်းဖြင့်မလုံလောက် ပေ။ သို့သော်မိခင်နို့သည် ဆက် လက်၍ကလေး၏အစားအစာအဖြစ်အလွန်အဓိကကျအရေးကြီးသည်။ |
| **၁၂လ မှ ၂၃လ ကလေးများအတွက်။ ။** | ဤအသက်အရွယ်တွင်ကလေးများသည်အခြားမိသားစုဝင်များ စားသည့်အစားအစာကိုစတင်စားသုံးရန်အဆင်သင့်ဖြစ်ပါပြီ။မိခင်များသည်ကလေးအသက် ၂ နှစ်အထိမိခင်နို့ကိုဆက်လက်တိုက်ကျွေးသင့် သည်။ |
| **၂၄လ(၂နှစ်)အထက်ကလေးများအတွက်။** | ဤအသက်အရွယ်တွင်ကလေးအများစုကိုမိခင်နို့တိုက်ကျွေးခြင်းမှရပ်ဆိုင်းကြသည်။ သူတို့အတွက်လိုအပ်သောအာဟာရများကိုအစားအစာအမျိုးမျိုးတို့မှရယူစားသောက်ရန်အဆင်သင့်ဖြစ်နေကြပြီဖြစ်သည်။ |

***Fore milk and hind milk:***
The milk is not the same throughout a feeding. First the milk looks gray, watery and contains proteins, vitamins and lactose, but not much fat. This is the fore milk. Then at the end of a feed, the milk becomes whiter; it is called the hind milk. It contains more fat, which is important for producing energy.

## Common breastfeeding problems

***Engorgement:***
Sometimes, breasts become swollen, painful, hard, and the milk does not flow well due to collection of fluid and milk in the breasts. This condition is diagnosed as engorgement of breast, which is usually due to delaying breastfeeding. This condition can be prevented if the newborn is allowed to suckle frequently from the time of delivery. To manage the engorgement of breast, let the mother express out some of the milk from her breasts and keep them warm to help milk flow.

***Blocked duct:***
Sometimes, a painful and tender mass can be experienced in some part of a breast. It can be a condition that the milk is not getting out of that part of a breast and could be diagnosed as block duct. The condition may be managed by feeding baby more frequently on that side of the breast and gently

**"Exclusive breastfeeding means that the baby receives no other food or drink but breast milk only, not even water for hiccups."**

**"Colostrum is the first yellow milk produced by the mother just after the delivery. It is rich in antibodies and therefore is the best protection against infections."**

Breastfeeding according to chronological order

| | |
|---|---|
| Newborn babies: | Start breastfeeding during the first hour of delivery and feed colostrum. |
| Children 0 to 6 months: | Exclusive breastfeeding is highly recommended for the first six months of the baby's life. |
| Children 7 to 11 months | Breast milk alone does not provide enough nutrients for a baby's growth and development. But breast milk still remains the most important part of the baby's diet. |
| Children 12 to 23 months: | At this age, children are ready to start eating the same foods as other family members. Mothers should continue to breastfeed at least until the baby is 2 years old. |
| Over 24 months (2 years): | At this time most children stop breastfeeding. They are now ready to receive all of the nutrients that they need from all kid of foods. |

ထုတ်ပေးပြီး၊ ရင်သားကိုပူနွေးအောင်ထား၍နို့ရည်ထွက်မှုကိုအထောက်အကူပြုပါစေ။

## နို့လမ်းကြောင်းပိတ်ခြင်း။ ။

တစ်ခါတစ်ရံနာကျင်သောအကြိတ်ကိုနို့အုံ၏အစိတ်အပိုင်းတစ်ခုခုတွင်တွေ့ ရှိခံစားရနိုင်သည်။ ထိုအခြေအနေသည်နို့အုံ၏အ စိတ်အပိုင်းတစ်ခုခုမှနို့မစီးဆင်းနိုင်ခြင်းကြောင့်ပြီးနို့ကြောင်းပိတ်သည်ဟုအဓိပ္ပါယ်ပေးနိုင်သည်။ ပြုစုကုသရန်အတွက်ကလေးငယ်အား ထိုဖြစ်ပွား သည့်ရင်သားကိုခဏခဏအပိုမိုနို့စို့ပေးရမည်။ ညင်သာစွာအကြိတ်ကိုနှိပ်နယ်ခြင်းဖြင့်နို့သီး ခေါင်းထံသို့နို့ရည်များရောက်စေရမည်။ ထိုအပြင်ကလေးအားနို့တိုက်စဉ်ပုံစံပြောင်းတိုက်လျှင်လည်းကာကွယ်မှုပေးနိုင်သည်။ ဥပမာ၊ ကလေးအား မိခင်ရှေ့တွင်ထားပြီးနို့တိုက်ခြင်းမှလက်မောင်းနှင့် ထိမ်းပြီးနို့တိုက်ခြင်းဖြစ်သည်။

## ရင်သားရောင်ရမ်းခြင်း။ ။

ရင်သားတင်းခြင်းသို့မဟုတ်နို့လမ်းကြောင်းပိတ်ခြင်းတို့သည်တစ်ရက်သို့မဟုတ် နှစ်ရက်ထက်ပိုပြီးဆက်လက်တည်ရှိနေလျှင်ကူးစက်ရောဂါဝင်ပြီးရင်သားရောင်ရမ်းခြင်းအဆင့်သို့ရောက်ရှိသွားနိုင်သည်။ ဆက်လက်၍ရင်သားတွင်ပြည် တည်သောအခြေအနေသို့လည်းပြောင်းလဲသွားနိုင်သည်။ အထက်ပါခြေအနေတွင်ရင်သားသည်အလွန်နာကျင်မည်။ နေမကောင်းဖြစ်မည်။ ကိုယ်အပူချိန်လည်းမြင့်တက်နေမည်၊ သက်သာစေရန်အတွက်နို့ရည်ကိုညှစ်၍ကလေးကိုအဆက်မပြတ်တိုက်ကျွေးရန်လိုအပ်သည်။ အထက်ပါနည်းအတိုင်းမပြုလုပ်နိုင်လျှင် မိခင်နို့ကိုညှစ် ထုတ်ပြစ်ရန်လိုသည်။ မိခင်အားသင့်လျော်သောပဋိဇီဝဆေးပေးရန်နှင့်အနားပေး ရန်လည်းလိုအပ်ပေမည်။

## နို့သီးတွင်အနာဖြစ်ခြင်း၊ကွဲခြင်း ။ ။

အဆိုပါရောဂါသည်အဖြစ်များပြီးအကောင်းဆုံးကာကွယ်ခြင်းသည်ကလေးအားပထမ အ ကြိမ် နို့တိုက်ခြင်း မှစပြီးအကောင်းဆုံးတွယ်ကပ်ထား စေခြင်းဖြစ်သည်၊ နို့တိုက်သည့်ပုံစံမမှန်လျှင် ကလေးသည်ကွားဖုံးဖြင့်နို့သီးခေါင်းအားကိုက်မိနိုင်ပြီး နို့သီးများတွင်အနာဖြစ်ပေါ်စေနိုင်သည်။ နို့သီးခေါင်း သည်ကလေး၏ပါးစပ်အတွင်းသေချာပြည့်ဝစွာမဝင်လျှင်လည်း အဆိုပါ အခြေအနေမျိုးကိုဖြစ်ပေါ်စေတတ်သည်။ နို့သီးအနာသည်မိခင်၏နို့သီးတိုလျှင်လည်းဖြစ်တတ်သည်၊ သို့မဟုတ်ရင်သား များတင်းလျှင်လည်းဖြစ်တတ်သည်။ ထိုအဖြစ်မျိုးကိုကာကွယ် ရန်ကလေးအားနို့တိုက်သည့် အနေ အထားကိုမှန်ကန်အောင်ထားရန်လိုအပ်သည်။ မိခင်၏နို့သီးအပေါ်တွင်နောက်ဆုံးထွက်သည့်နို့ရည်တစ်စက်ခန့်မှုံထား လိမ်းကျံရန်လိုအပ်မည်၊ သို့မဟုတ်နို့သီးခေါင်းနှင့်ကလေးပါး စပ်ကိုဆေးပြာ သုတ်သိမ်း ရန်လိုမည်၊ ဤကဲ့သို့ပြုလုပ်ခြင်းအားဖြင့် နို့သီးရှိအနာများ သက်သာပျောက်ကင်းစေနိုင်သည်၊ နို့မကျန်အောင်ကလေးအားနို့တိုက်ပြီးလျှင်လက်သို့မဟုတ်ညှစ်သည့်ကိရိယာဖြင့်နို့အားညှစ်ထုတ်ပေး ရန်လည်းအရေးကြီးသည်။

နို့သီးအနာသည်မိခင်၏နို့သီးတိုလျှင်လည်းဖြစ်တတ်သည်

## နို့သီးတိုခြင်း၊ ပြားခြင်း။ ။

အချို့အမျိုးသမီးများတွင်နို့သီးပြားခြင်း၊ တိုခြင်းဖြစ်တတ်သည်၊ နို့သီးပြားခြင်း သည် အထူးသဖြင့် ပထမဦးဆုံးမွေးသောကလေးတွင် တွေ့ရတတ်သည်။ နို့သီးအများစုကို ရှည်အောင်ဆွဲ ထုတ်နိုင်သည်။ သို့သော်တချို့ သည်နို့သီး ခေါင်းများသည်နောက်ထိုးဖြစ်နေလျှင်ဆွဲထုတ်ရန် မဖြစ်နိုင်ကြပေ။ နို့သီးသည်အလွယ်တကူရှည် ထွက်မလာသလျှင်ကလေးအားအကူအညီပေး ရန်လိုအပ်မည်၊ ဆိုလိုသည် မှာကလေး၏ပါး စပ်အ တွင်းသို့နို့အုံကိုထဲ့ပေးရမည်။ နို့အုံပျော့စေရန်နို့ အနည်းငယ်ကိုလည်းညှစ်ထုတ်၍နို့သီးခေါင်းကို ကလေးအလွယ်တကူ စုပ်နိုင်ရန်ပြုပြင်ပေးရမည်။

## မှုရင်းကိုးကားချက်။ ။

- Understanding Health by William M. Kane, Random House School Division, New York/ (Second Edition)
- Facts for life/ published jointly by UNICEF, WHO, UNESCO and UNFPA/ 1993
- *Health Messenger, Khmer Edition, Issue No. 11/ 2002*

massage the mass towards the nipple. It can also be prevented by changing the position of the baby for the feed e.g. instead of the baby lying in front of the mother it can lie under her arm.

### *Mastitis:*

If engorgement of the breast or blocked duct continues for more than a day or two, the lesion can become infected and develop into mastitis, which could later turn into a breast abscess. The breast becomes very painful, and the mother usually feels unwell and has fever. It is important to remove the milk by feeding the baby continuously. If this is not possible, mother should express her milk. It may be necessary to give appropriate antibiotics and rest to mother.

### *Sore and cracked nipples:*

Sore nipples are very common and the best way to prevent them is by practicing good attachment from the very first breast feed. If a baby bites a nipple with the gums due to bad position of breastfeeding, it becomes sore. The baby usually does this because the nipple is not completely inside the mouth. Sore nipples are more common when a mother's nipples are short, or if her breasts are swollen. To prevent this lesion, check the baby's position when suckling and correct it and ask the mother to leave a drop of hind milk on the nipple or apply gentian violet for both baby's mouth and mother's nipple. It will help to heal. It is also necessary to empty the breast by hand or with pump.

### *Flat nipples:*

Some women have short flat nipples. Flat nipples are common, especially in mothers who are having their first child. Most mothers are able to stimulate the nipples to get them out but if they are inverted, which is rare, then it is not possible. If the nipple does not stretch out easily, the baby may need extra help at first to take enough portion of the breast into his or her mouth. She can express some milk to soften her breasts, so that it will be easier for the baby to suck the nipple.

### Reference

- Understanding Health by William M. Kane, Random House School Division, New York/ (Second Edition)
- Facts for life/ published jointly by UNICEF, WHO, UNESCO and UNFPA/ 1993
- Health Messenger, Khmer Edition, Issue No. 11/ 2002

**"Sore nipples are more common when a mother's nipples are short"**



# ထမင်းရည်မလောက်ငသောအခါ နှင့် ပထမဆုံးအစားအစာများ – ကြီးထွားခြင်းနှင့် ဖွံ့ဖြိုးခြင်း၏ အဓိကသော့ချက်

*အန်အရီရာ မန်နီဗီ၊ ဘီဘီစီ*

***၆ လအရွယ်နှင့် ၂ နှစ်အရွယ်ခန့်ရှိသော ကလေးငယ်များသည် နို့ကိုသောက်သုံးခြင်းစ၍နည်းလာသည်။ သို့သော်လည်းသူတို့သည်လျင်မြန်စွာ ကြီးထွားပြီး၊ လျင်မြန်စွာဖွံ့ဖြိုးလာသည်။ ဤအချိန်တွင် ဤကလေးများသည်ကြီးထွားမှုရပ်တုံ့သွားရန်နှင့်အဟာရချို့တဲ့ရန် အလွန်လွယ်ကူလှပါသည်။ ဤသည်ကိုကာကွယ်ရန်၁ နှစ်အောက်ကလေးများနှင့်ကလေးငယ်များကို ကြီးထွားနိုင် သမျှကြီးထွားရန်နှင့် ဖွံ့ဖြိုးနိုင်သမျှ ဖွံ့ဖြိုးရန်မိခင်နို့အပြင် အဟာရပြည့်ဝစွာပါဝင်သောအစားအစာများကိုပါများများကျွေး သင့်လှသည်။***

**အသက် ၆လ အောက်ကလေးများသည်သကြားရည်သို့မဟုတ်ဖျော်ရည်ကိုတိုက်ရန်မလိုပါ၊ ထိုအရည်များသည် အန္တရာယ် ရှိနိုင်သည်။**

## ပထမဆုံးသောအစားအစာများ

ရပ်ကွက်လူထုအသိုင်းအဝိုင်းတိုင်းတွင်မွေးစ ကလေးငယ်များအတွက်**ပထမဆုံးသော အစာ း အစာများ**နှင့်ပတ်သက်၍ ကိုယ်ပိုင်ဓလေ့ထုံးတမ်းများရှိကြသည်။တစ်ခါတစ်ရံ ရိုးရာအလိုက်ကျွေး းသောအစားအစာများတွင် အသားဓါတ်၊ အင်အားဓါတ်ဗိုက်တာမင်ဓါတ်နှင့် သတ္တုဓါတ်များမှာကလေးများ ကြီးထွားနိုင်သမျှကြီးထွားရန်နှင့်ဖွံ့ဖြိုးနိုင်သမျှဖွံ့ဖြိုးရန် လုံလောက်စွာပါဝင်ခြင်းမရှိဘဲ ကလေးကို အဟာရချို့တဲ့ခြင်းသာဖြစ်စေသည်။

ဤဒေသတွင် ထမင်းရည်ကို ပထမဆုံးသောအစားအစာအနေနှင့်အသုံးပြုကြသည်၊ သို့သော်ဆန်တစ်မျိုးတည်းဖြစ်စေ အလုံးသဖြင့် စွပ်ပြုတ်ရည်အဖြစ် ဖြင့်ဖြစ်ရော စပ်သောအခါ၌ဖြစ်စေ ကလေးငယ်၏ကြီးထွားမှုကိုအထောက်အကူဖြစ်လောက်အောင် လုံလောက်သောအဟာရဓါတ်များမပါဝင်ပါ။

ရပ်ကွက်အတွင်းတွင်အခြားအသုံးများသော ပထမဆုံးသောအစားအစာမှာရှိသော "မလီတ်ဆိပ်နို့" ဖြစ်ပါသည်၊ မိခင်တော်တော်များများသည်ဤနို့သည် ကလေးများအတွက်ကောင်းမွန်ပြီး အဟာရနှင့်ပြည့်စုံသောအစားအစာ သောက်တစ်ခုအနေနှင့်ထင်ကြသည်။ သို့ရာတွင် ဤနို့သည် သကြားနှင့်အဆီဓါတ်များပါပြီး မရှိတင်း အသားဓါတ်အနည်းငယ်သာပါဝင်သည်။ ဤအကြောင်းကြောင့် **"မလီတ်ဆိပ်နို့"သည်ကလေးငယ်များအတွက်သင့်လျော်သော အစားအသောက်အဟုတ်ပါ။** ပြီးတော့ဤနို့သည် တန် ဖိုးကြီးပါသည် – ဤနို့ကိုဝယ်ရာတွင်ကုန်ကျမည့်ငွေကို လက်ဆက်ပြီးအဟာရပြည့်ဝသောအစားအစာများဝယ်စားနိုင်ပါသည်။

အောက်တွင် ၁ နှစ်အောက်ကလေးများနှင့် ကလေးငယ်များအတွက် အသက်အရွယ်အလိုက်အဟာရဓာတ် အနည်းဆုံးလိုအပ်ချက်များကို ပြထား ပါသည်။

## အသက်အရွယ်အလိုက်အစားအစာလိုအပ်ချက်များ

### *၁ နှစ်အောက်ကလေးငယ်များ (မွေးစ မှ ၆ လအရွယ်အထိ)*

မိခင်နို့။ ၊ **မိခင်နို့တစ်မျိုးတည်း၊** သာလျှင်ဤကလေးငယ်များအတွက် အကောင်းဆုံးသောအစားအစာဖြစ်သည်။ ဤကလေးငယ်များ ၆ လအရွယ်ရောက်သည်အထိလိုအပ်သော **တစ်မျိုးတည်းသောအစားအစာ**ဖြစ်သည်။ သို့သော်မိခင်များသည်ကိုယ်ဝန်ဆောင်စဉ်တွင်အစား အစာပိုမိုရသင့်သည်။

မိခင်နို့တိုက်ခြင်းခံရသောကလေးငယ်များသည်ပို၍ကျန်းမာပြီး၊ ပိုမိုကြီးထွားကြသည်၊ ပြီးနောက်သူတို့သည်နို့ဘူးသောက်သော ကလေးငယ်များထက်ဖျားနာမှုဖြစ်ရန် အခွင့်အရေး ပိုနည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် မိခင်နို့သည် ကလေးငယ်လိုအပ်သော အဟာရကိုတိတိကျကျ ပေးသည့်သာမက ကလေးငယ်၏ရောဂါများကို တိုက်ထုတ်ရန်ပဋိပစ္စည်းများကိုလည်းပေးသည်။ နောက်ပြီး မိခင်က လက်များ၊ နို့ချော်ရာတွင်၊ နို့ဘူးများနှင့်ရေကို သပ်သန့်ရှင်းအောင်မထားပါကနို့ ဘူးအတိုက်ခံရသောကလေးများသည် ပြင်းထန်သောကူးစက်ရောဂါပြီး ဝမ်းလျှောက်ခြင်းခံရရန် ပိုမိုအခွင့်

## WHEN RICE SOUP IS NOT ENOUGH:
## First Foods - the Key to Optimal Growth and Development

*Andrea Menefee, TBBC*



***Between 6 months to about 2 years old, children begin eating less breast milk, but are growing and developing very quickly. During this time, they are at high risk for growth faltering and malnutrition. To prevent this, infants and young children need to be offered and eat plenty of nutritious foods, in addition to breast milk.***

### First foods

Every community has its own traditional first foods for babies. Sometimes, traditional foods do not have enough energy, protein or vitamins and minerals to support the optimal growth and development of a young child, and may cause the child to become malnourished.

In this area, rice soup is often used as the first food. But rice alone, and especially when mixed as a soup alone, does not contain nearly enough nutrients to support a young child's growth.

Another commonly used first food is sweet 'Mali Milk.' Many parents think that this is a good, nutritious food for children. But, this milk is mostly sugar and fats and contains only a small amount of protein. Because of this, Mali Milk is NOT a suitable food for young children. And it is expensive - the amount of money spent to purchase this milk could buy plenty of fresh, nutritious foods instead.
Below are some guidelines for feeding infants and children, according to their age.

### Food needs for different ages

***INFANTS: from 0 to 6 months old***
**Breast milk**, and only breast milk, is the best food for infants. **It is the only food they need** until they are 6 months old. However, mothers should get extra food during their pregnancy. Babies who are breastfed are healthier, grow stronger, and are less likely to get sick than babies who use bottled milk, since breast milk provides not only the exact nutrition that a baby needs, but also important antibodies that help young babies fight diseases. And, if a mother uses a bottle but does not keep her hands, the bottles and water used to mix the formula very clean, bottle-fed babies will have more chance of getting serious infections.

***INFANTS:from 6 - 12 months (First Foods)***
When babies reach six months old, they start to become more active and need more food than just breast milk. Also, they need vitamins and minerals

**"Water with sugar or honey is not necessary for children under 6 months old and can even be dangerous."**

## ပထမဆုံးအစားအစာများကို ပြင်ဆင်လုပ်ခြင်း



**ကလေးငယ်များအတွက်ကောင်းမွန်ပြည့်ဝသော အဟာရ**

**=**

**အဟာရပြည့်သော အစားအစာများ**

**•**

**မကြာခဏအစားစားခြင်းနှင့် မုန့်ပဲသရေစာများ**

အလမ်းများပါသည်။

### ၁ နှစ်အောက်ကလေးငယ်များ (၆ လ မှ ၁၂ လအရွယ်အထိ)

ကလေးငယ်များ ၆ လအရွယ်သို့ရောက် သော အခါသူတို့သည်စတင်၍မိုမိုလှုပ်ရှားမှု ရှိလာကြပြီးနို့အပြင်အခြားအစားအစာများ ပါလိုအပ်လာသည်။သူတို့သည် မိခင်နို့မှလုံလောက်အောင်မပေး နိုင်သော ဗိုက်တာမင်ဓါတ်နှင့် သတ္တုဓါတ်များ(ဥပမာအားဖြင့် - ဗိုက်တာမင် အေးနှင့်သံဓါတ်) လိုအပ်လာသည်။ မိခင်များ သည်သူတို့၏ကလေးငယ်များအခြားအစား အစာများကိုစတင်စားသောက်နေသော်လည်း နို့တိုက်ခြင်းကိုဆက်လက်လုပ်ဆောင် နေရမည် ဖြစ်သည်။

ကလေးငယ်များကို အစားအစာအသစ်များကို ဖြေးဖြေးနှင့် ဂရုစိုက်စကျွေး ရမည်ဖြစ်သည်။ ဤ ပထမစစားသောအစားအစာများသည် သိပ်ပြီးသန့်ရှင်း၊ ပျော့ပြောင်းရမည်ဖြစ်ပြီး ခေါက်စုံ ရောနှောထားသောအစားအပြင် အစား အစာ အုပ်စုများမှ အစားအစာအားလုံးပါဝင်ရပါမည်။ ကလေးငယ်များကို မိခင်နို့မတိုက်ကျွေး မီ အစားနည်းနည်းစီကျွေး ပေးရမည်။

### ပိုကြီးသောကလေးများ ၁ နှစ်အထက်

ကလေးသည် စတင်၍နို့လျှော့လျှော့သောက်ပြီး အခြားအစားအစာပိုပိုစားလာသည့်အချိန်တွင် စဓါစဥ့် အဟာရပြည့်သော အစားကို တစ်နေ့ကုန်လုံး နည်းနည်းနှင့် ခဏခဏပေးစား ရန်လိုအပ်သည်။ သို့မှသာ သူတို့၏သေးငယ်သော အစာအိမ်များသည် အဟာရကို လက်ခံ ယူနိုင် မှာဖြစ်ပြီး မှန်ကန်သောကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုရှိမည်ဖြစ်သည်။

အသက် ၁ နှစ်ထက်ကြီးသောကလေးများသည် လူကြီးများကဲ့သို့ အဟာရများလိုအပ်ပြီး၊ လူကြီးများစားသော အစားအသောက်များ ကဲ့သို့အစားများကိုစားနိုင်ပါသည်။ သို့သော်သူတို့သည် အစာအိမ်များ မှာသေး ငယ်သောကြောင့် လူကြီးများထက် အစားကိုအကြိမ်ပိုစားကြရန် လိုအပ်သည် - တစ်ရက်လျှင် ၅ - ၆ ကြိမ် စားခြင်းသည်အကောင်းဆုံးဖြစ်သည် (လူကြီးများသည်တစ်ရက်လျှင် ၂ - ၃ ကြိမ်သာစားရန်လိုအပ်သည်)။ ကလေး ၏ အစာ အစာတွင် ဆန်အပြင် အစားအစ စာ အုပ် စုအား လုံးမှ အစားအစာများလိုအပ်သည်။ အစိမ်းပွဲမှာ အသားဓါတ်ပါသောအစားအစာအချို့၊ အင်အားဓါတ်ပါသောအစားအစာအချို့၊ ဗီတာမင်ဓါတ်နှင့် သတ္တုဓါတ်များမှာပါသောအစားအစာများ ကိုစားပေးရပါမည်။ သို့မှသာ ဗိုက်ကလေးငယ်သည် အကောင်းဆုံးဖြစ်သောကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်သည်။

### ပထမဆုံးအစားအစာများကို ပြင်ဆင်လုပ်ခြင်း

ကလေးငယ်များအတွက် ပထမဆုံး အစား အစာများကို ပြင်ဆင်ခြင်းတွင် မိဘများသိသင့်သောအရေးကြီးသော အချက်များသိရန်ရှိပါသည်။

- ပထမဆုံးအစားအစာများတွင်ပါဝင်ရမည့်အဟာရများမှာဆန်အပြင် - အသားဓါတ်၊ အင်အားဓါတ်၊ဗီတာမင်ဓါတ်နှင့် သတ္တု ဓါတ်များ စွာပါရမည်ဖြစ်သည်။ ဤအစားအစာများတွင် ဓါတ် စုံရောနှောထားသောအစား(ရနိုင်လျှင်) အသား၊ ငါး၊ ပဲများ နှင့် လတ်ဆတ်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ၊ ပါဝင်ရမည်ဖြစ်သည်၊ အင်အားအတွက် ဆီရောရမည်ဖြစ်ပါသည်။
- ကလေးငယ်များအတွက် ပထမဆုံး အစားအစာများသည်ပျော့ပြောင်းရမည်၊ ချောမွေ့ရမည်၊ အစာကြေလွယ်ရမည်ဖြစ်သည်။
- ပထမဆုံးအစားအစာများသည် လတ်ဆတ်ပြီးသန့်ရှင်းနိုင်သမျှသန့်ရှင်းရမည်။ အဘယ်ကြောင့်ဆိုသော်ကလေးငယ်များသည် လွယ်ကူစွာကူးစက်ရောဂါပိုးဝင်ရောက်နိုင် သည်။
- ပထမဆုံးအစားအစာများသည်ဈေးမကြီးရပါ၊ ပြင်ဆင်ရာတွင်လည်းလွယ်ကူရပါမည်။

ဓါတ်စုံရောနှောထားသော အစားအစာမရ နိုင်လျှင်

## Making first foods

(like vitamin A and iron) that breast milk no longer provides in adequate amounts. Mothers should continue breast-feeding at the same time as their babies start eating other foods.

Babies should be introduced to new foods slowly and carefully. These "first foods" must be very clean, very soft, and should include foods from all the food groups in addition to blended food. Infants should be fed small meals before breastfeeding.

***OLDER CHILDREN >1 year***

When a child begins to eat less breast milk and more other foods, they need to begin eating small, nutritious meals frequently throughout the day to ensure that their small stomachs can take enough nutrients for proper growth and development.

Children >1 year have similar needs for nutrients and can eat many of the same types of foods as adults. But because they have small stomachs, they need to eat more often than adults - about 5 or 6 times per day is best (adults only need to eat 2-3 times per day). A child's diet should include foods from all of the food groups in addition to rice, which means eating some protein foods, some energy foods and some vitamin/mineral foods every day to ensure optimal growth and development.

### Making first foods

When making first foods for babies, there are some important things that parents need to know:

- First foods need to have high amounts of protein, energy, and vitamins and minerals - they should include blended food (if available), meat, fish, beans, plus plenty of fresh fruit and vegetables, and added oil for energy, in addition to rice.

- First foods for babies should be soft, smooth and easy to digest.
- first foods must be as fresh and clean as possible because babies can get infections easily.
- First foods must be inexpensive and easy to prepare.

If blended food is not available, nutritious first foods can be made from foods that people normally eat. For example, first foods can be made from:

- rice
- oil
- dark, green vegetables
- other vegetables
- Boiled sweet potatoes

**"Good Nutrition for young children**
**=**
**Nutritious Foods**
**+**
**Frequent Meals and Snacks"**



## ဆန်ပြုတ်

အဟာရပြည့်သောပထမဆုံးအစား အစာများကိုလူတို့သာမန်အားဖြင့်စားသုံးသောအစားအစာများမှပြုလုပ်ယူနိုင်ပါသည်။ ဥပမာအားဖြင့် – ပထမဆုံးအစားအစာများကို –

- ဆန်
- ဆီ
- အစိမ်းရင့်ရောင်ရှိသောဟင်းသီးဟင်းရွက်များ
- အခြား သောဟင်းသီးဟင်းရွက်များ
- ကန္စွန်းဥပြုတ်
- ရွှေဖရုံသီး သို့မဟုတ်အခြား —
- ဝက်၊ ကြက်၊ ကြက်ဥ၊ ဘဲဥများ၊
- ခြေထားသောပဲများနှင့် မြေပဲများ
- သစ်သီးများ – ဥပမာ – သခွားသီး၊ ငှက်ပျောသီး၊ သရက်သီး။
- ပြုတ်ထားသောဥအမျိုးမျိုး၏အဝါရောင်အနှစ်

ချက်ပြီးသား ထမင်းနှင့်ပဲများကိုလည်း သုံးနိုင်ပါသည်။

အောက်တွင်အဟာရပြည့်ဝသောပထမဆုံးအစားအစာများကိုပြင်ဆင်နိုင်ရန်နည်းများကိုဖော်ပြထားသည်။ သင်သည်ကြိုက်နှစ်သက်သောသို့မဟုတ်ရရှိနိုင်သောအခြားသောမည်သည့်အစားအစာများကိုမဆိုလည်းထည့်သွင်းနိုင်သည်။

အစားအစာအုပ်စုမျိုးစုံရောနှောထားသောအစာပျော့

၁) ဓါတ်စုံရောနှောထားသောအစားအစာ ၁ ပုံနှင့် ရေ ၂ ပုံ
၂) ၅ – ၁၀ မိနစ်ခန့်ကျိုပါ။ ကျိုနေစဉ်အလုံးများမဖြစ်ရန်တချိန်လုံးမွှေပေးနေပါ။
၃) ဆီ၊ ချက်ပြီးသား အမဲသား၊ ကြက်သား၊ ငါး၊ သို့မဟုတ် ကြက်ဥ နှင့် အခြားပါဝင်သည့်အရာများ–ဥပမာ ဟင်းသီးဟင်းရွက်များသို့မဟုတ်ငှက်ပျောသီး။ ဆက်လက်၍နူးနပ်သည့်အထိချက်ပါ။

## ဆန်ပြုတ်

၁) ပဲဝါ ၁ ဇွန်းကိုရေတွင်နာရီပေါင်းများစွာစိမ်ပါ။
၂) ဆန်အခြောက် ၁ သို့မဟုတ် ၂ ဇွန်း၊ ရွှေဖရုံသီး ၂ တုံး၊ သန့်ရှင်း၍ဆူပွက်ပြီးသောရေကိုထည့်ပါ။ အားလုံးကိုပျော့လာသည့်အထိရောမွှေပါ။
၃) ပြီးလျှင်ချက်ပြီးသားအစိမ်းရောင်ရှိ သောဟင်းသီးဟင်းရွက်များနှင့်ဆီအနည်းငယ်ကိုထည့်ပါ။
၄) ကြက်ဥ၊ ငါး၊ အမဲသား တခုခုရှိလျှင် ရောထည့်နိုင်ပါသည်။ ထို့နောက်ရောထားသည့်အရာအားလုံးကိုပျော့လာသည်အထိပြုတ်ပါ။

ချက်ပြီးသားထမင်းနှင့်ပဲများကိုလည်းသုံးနိုင်ပါသည်။ သို့သော်ဟင်းသီးဟင်းရွက်များနှင့်အသားများကိုသိပ်ပျော့လာသည်အထိသေသေချာချာအပူပေးပြီးရောမွှေပါ။

## ချေထားသောသစ်သီးနှင့် သံပုရာသီး

၁) ငှက်ပျောသီး ၁ လုံးကို ခွက်တစ်ခုထဲတွင်ထည့်၍ဇွန်းကိုအသုံးပြုပြီးလုံးဝပျော့လာသည်အထိချေပါ။
၂) သို့မဟုတ် သခွားသီးအတုံးလေးများကိုခွက်တစ်ခုထဲတွင်ထည့်၍ ဇွန်းကိုအသုံးပြုပြီးလုံးဝပျော့လာသည်အထိ ချေပါ။
၃) သံပုရာသီးသို့မဟုတ်လိမ္မော်သီးကိုညှစ်ထုံပြီးကောင်းမွန်စွာမွှေပါ။



*Rice Porridge*

- pumpkin or other squash
- pork, chicken, chicken eggs, duck eggs
- mashed beans and peanuts
- fruit, such as papaya and banana, mango.
- Yellow boiled eggs

Below are some simple recipes to make nutritious first foods for your child. You can add any other ingredients as you like or that are available.




***Blended Food Porridge***

1. Mix 1 part blended food with 2 parts water.
2. Cook for about 5-10 minutes, stirring all the time to get the lumps out.
3. Add oil, cooked meat, chicken, fish, or egg, and other ingredients, like vegetables or banana, and continue cooking until done.

***Rice Porridge***

1. Soak one spoon full of dry yellow beans in water for several hours
2. Add one or two spoons of dry rice, one or two pieces of pumpkin, and then add clean, boiled water. Mix all of this food together until it is soft.
3. Then, add some cooked, green vegetables and a little oil.
4. If you have an egg, fish or meat, add them to the mixture. Then boil the whole mixture together until it is very soft.

Cooked rice and beans can also be used, but be sure to heat vegetables and meat well and mash mixture until very soft.

***Mashed fruit with Lemon***

1. Mash one banana in a cup, using a spoon, until it is completely soft
2. Or, mash some pieces of papaya together in a cup, using a spoon, until it is completely soft.

3. Squeeze lemon or orange juice and mix well.



**Cooked rice and beans can also be used**

| (၆ – ၉ လ) | (၉ – ၁၂ လ) | (၁နှစ်ထက်ကြီးသောကလေးများ) |
|---|---|---|
| **ကလေးတောင်းတိုင်းနို့တိုက်ပါ**<br>**အစားအစာကို ၁ ရက်လျှင် ၃ – ၄ ကြိမ်ကျွေးပါ။**<br>• အစားအစာအုပ်စုမျိုးစုံရောနှောထားသောအစာပျော့ (သို့မဟုတ် ဆန်ပြုတ်) – ဆီအနည်းငယ် ထည့်ထားသည်၊<br>• ချေထားသောဟင်းသီးဟင်းရွက်များ နှင့် သစ်သီးကိုရော ထည့်ပါ (၄ – ၈ ဇွန်း)<br>• ချက်ပြီးသား အမဲသား၊ ကြက်သား၊ ကြက်ဥ နှင့် ပဲများ (အစတွင် ဇွန်းသေး ၁ ဇွန်းမှစပါ၊ နောက်မှ ၆ ဇွန်းအထိတိုးပေးပါ)<br>• နောက်ပိုင်းတွင်သစ်သီး ပျော့ပျော့အပိုင်းအစများ၊ခေါက်ဆွဲ စသည်တို့ကို ထပ်ထည့်ပေးပါ။<br>**ကလေး၏အစာလမ်းကြောင်းပိတ်စေတတ်သောအစားအစာများကိုရှောင်ပါ**–သစ်ကြားသီးကဲ့သို့သော(Nuts) အစေ့များ၊ ပြောင်းဖူးနှင့်အတုံးကြီးသောအစားများ | **ကလေးတောင်းတိုင်း နို့တိုက်ပါ**<br>**အစားအစာကို ၁ ရက်လျှင် ၅ – ၆ ကြိမ်ကျွေးပါ။**<br>• အစားအစာအုပ်စုမျိုးစုံရောနှောထားသောအစာပျော့ (သို့မဟုတ် ဆန်ပြုတ်) – ဆီအနည်းငယ် ထည့်ထားသည်၊အခြားအစား အစာအုပ်စုများရနိုင်လျှင်လည်း ရသည်။<br>• ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများ – ပျော့သောအတုံးများ (ခွက် ဝက်မှ ၁ ခွက်)<br>• ချက်ပြီးသား အမဲသား၊ ကြက်သား၊ ကြက်ဥ နှင့် ပဲများ (ခွက် သုံးပုံ၁ ပုံမှ တခွက်)<br>• အခြားသောလက်ချောင်းစားအစာများ(သစ်သီးများ၊ ခေါက်ဆွဲ)<br>**ဤအစားအစာများကိုအစားအစာပျော့ထဲသို့ရောထည့်၍စားနိုင်သည်၊ သို့မဟုတ်အစာတုံးကလေးများ လုပ်ပြီး**လက်နှင့်လည်း ကိုင်စား နိုင်သည်။ | **ကလေးတောင်းတိုင်း နို့တိုက်ပါ**<br>**အစားနည်းနည်းစီကို ၁ ရက်လျှင် ၃ – ၅ ကြိမ်ကျွေးပါ**<br>• အစားအစာအုပ်စု မျိုးစုံရောနှောထား သော အစာ ပျော့ နှင့်ဟင်းများ<br>• ဆန်နှင့်ဆီအထက်ပါအစာပျော့တွင် ရောထည့် ထားသည်၊<br>• အခြားမိသားစုဝင်များစားသော အစားအစာများ<br>• ငရုပ်သီးကဲ့သို့သောစပ်သည့် အရာများရောမထည့်ဘဲ ကလေး အတွက်ကျွေးမည့်အစာကိုအရင်ခတ် ထုတ်ထားပါ။<br>**ဆန်အပြင်အခြားသောအစားအစာများကိုလည်းများများကျွေးပါ။** |



| 6-9 MONTHS | 9-12 MONTHS | OLDER CHILDREN >1 |
| --- | --- | --- |
| **BREAST FEED ON DEMAND**<br><br>**FEED SOLIDS 3-4 TIMES PER DAY**<br>• porridge made with blended food (or rice) with a small amount of oil added<br>• add mashed with vegetables and fruit (4-8 small spoons)<br>• add cooked mashed meat, chicken, egg, beans (start with 1 small spoon and increase to 6 small spoons)<br>• later, add pieces of soft fruit, noodles<br><br>**AVOID FOODS THAT CAN CAUSE CHILD TO CHOKE,** such as nuts and seeds, corn, large pieces of food... | **BREAST FEED ON DEMAND**<br><br>**FEED SOLIDS 5-6 TIMES PER DAY**<br>• porridge and other snacks made with blended food (or rice ) with a small amount of oil added and other ingredients as available<br>• vegetables and fruits, soft pieces (1/2-1 cup)<br>• cooked meat, chicken, beans, egg (1/3-1/2 cup)<br>• other finger foods (fruits, noodles, etc.)<br><br>**THESE FOODS CAN BE EATEN MIXED INTO PORRIDGE OR EATEN IN SMALL PIECES BY HAND** | **BREAST FEED ON DEMAND**<br><br>**FEED 3-5 SMALL MEALS PER DAY**<br>• blended food snacks and curries<br>• rice with oil mixed into it<br>• all other foods eaten by family - take out foods before putting spice in pot<br><br>**BE SURE TO PROVIDE PLENTY OF OTHER FOODS IN ADDITION** |



# ကောင်းမွန်သောကျန်းမာရေးနှင့်မျှတသောစားနေကျအစာ

အနန်ပရီယာ မန်နီဗီး၊ ဟီဘိဘိဗီ

အာဟာရများမှာ၊

ကာဗွိုဟိုက်ဒရိတ်ခေါ်
ကဆီ
ဆီ
ပရိုတင်း

ဖိုက်တာမင်နှင့်သတ္တုများ
ရေ
နှင့်
အမှင်
(အမှင်သည်အစာအိမ်နှင့်အူလမ်းကြောင်းတို့မှအစာခြေဖျက်ခြင်းမပြုနိုင်)

***အစားအစာမျိုးစုံစွာ နှင့် များပြားစွာစားခြင်းသည်ကျန်းမာရေးအတွက်အကောင်းဆုံးဖြစ်သည်။ ခန္ဓာကိုယ်၏လိုအပ်ချက် အရအသက်အလိုက်၊ လိင်အလိုက်၊ ကိုယ် အလေးချိန်နှင့်လှုပ်ရှားမှုအလိုက်စားနေကျအစားအစာကိုစားသုံးသင့်သည်။***

## အစားအစာနှင့်စားနေကျအစားအစာ

အစားအစာသည်ပုံမှန်စားသောက်သောအရာအားလုံး ကိုဆိုလိုသည်။ သက်ရှိအားလုံးအသက်ရှင်ရန်အတွက်အစား အစာနှင့်ရေလိုအပ်သည်။ ပုံမှန်စားသောအစား အစာကိုစားနေကျအစားဟုခေါ် သည်။ နေရာဒေသအလိုက်နှင့်ယဉ်ကျေးမှုအလိုက်စားနေကျအစာသည်များစွာကွာခြားနိုင်သည်။

ဥပမာ၊ **ကာရင်နီ** စားနေကျအစားအစာသည် ထမင်း၊ ဂျုံ၊ ကြက်၊ ငါး သို့မဟုတ် အခြားအသားများ၊ အရွက်များနှင့်အသီးများအပြင်ပဲအမျိုးမျိုးနှင့်အင်ဆက်ပိုးကောင်များပါဝင်နိုင်သည်။ **ကာရင်** စားနေကျအစားအစာသည် ထမင်း၊ ငါးပိအပြင်အသားများ၊ အရွက်များစသဖြင့်ပါဝင်သည်။ **အနောက်တိုင်း** စားနေကျအစားအစာတစ်ခုသည်အမျိုးမတူသည့်အစားအစာနှင့်အမျိုးတူသည့်အစားအစာ ၂မျိုးစလုံးပါဝင်သည်၊ သို့သော်လည်း စားသုံးရာတွင်အချိန်အဆ အနည်းအများကွာခြားသည်။ ဥပမာ၊ ပေါင်မုန့်၊ အာလူး၊ အသားများ၊အရွက်များနှင့်အသီးများအပြင်ဒိန်ခဲနှင့်နို့တို့ပါဝင် သည်။

အားလုံးသောမျိုးမတူသည့်စားနေကျအစာများသည်ကျန်းမာရေးနှင့်ပြည့်စုံနိုင်သော်လည်းအစားအစာတစ်မျိုးကိုမည်မျှစားသုံးသည့်အပေါ်မူတည်သည်။

ကောင်းမွန်သောအာဟာရသည် အမျိုးအစားနှင့်အလေးချိန်အနည်းအများကိုမျှတအောင်စားသုံးသည့်အပေါ်တွင်မူတည်သည်။ မျိုးမတူသောအစားအစာများ၏ အရေး ပါမှုကိုနားလည်ရန်အတွက်အာဟာရများအားလည်းနားလည်ရန်အရေးကြီးသည်။

## အာဟာရများ

ခန္ဓာကိုယ်ကျန်းမာ၊ ဖွံ့ဖြိုး၊ ထွားကြိုင်းစေရေးအတွက်လုပ်ဆောင်ပေးသောတိကျသည့်လုပ်ငန်းများဆောင်နိုင်ရန်အစားအစာများတွင်ပါဝင်သည့်အာဟာရများသည်အရေးပါသည်။

## အစားအစာအုပ်စုများ

အစားအစာများကိုအုပ်စုအလိုက်ခွဲခြားနိုင်သည်၊ ခန္ဓာကိုယ်အတွက်လုပ်ဆောင်ပေးသည့်အာဟာရများအများဆုံးပါဝင်သည့်အခြေအနေပေါ်မူတည်ပြီးလည်းအစားအစာအုပ်စုခွဲနိုင်သည်။

**အစားအစာအုပ်စုများတွင်အောက်ပါတို့ပါဝင်သည်၊**

- အုပ်စု ၁၊ **ကာဗိုဟိုက်ဒရိတ်သို့မဟုတ် အင်အားအစားအစာ**
- အုပ်စု ၂၊ **ပရိုတင်းအစားအစာ**
- အုပ်စု ၃၊ **ဗိုက်တာမင်နှင့်သတ္တုများ**
- အုပ်စု ၄၊ **အဆီနှင့်သကြားများ**

### အုပ်စု ၁၊ အင်အားအုပ်စု

အင်အားအုပ်စုသည်ကာဗိုဟိုက်ဒရိတ်များဖြင့်တည်ဆောက်ထား သည်။ ဤအာဟာရသည်ပြီးနောက်အတွက်အစားအစာဖြစ်သည့်အပြင်ခန္ဓာကိုယ်၏အင်အားကိုလည်းဖြစ်စေသည်။

အင်အားအစားအစာအုပ်စုတွင်ပါရှိသည့်အစားအစာသည်အဓိကပင်တိုင်အစားအစာဖြစ်သည်။ ဥပမာ၊ ထမင်းသည်အာရှတိုက်သားတို့၏အဓိကအစားအစာဖြစ်သကဲ့သို့အကြီးမားဆုံးအင်အားကိုဖြစ်စေသောအစားနေကျအစားအစာဖြစ်သည်။

အင်အားကိုဖြစ်စေသောအစားအစာအုပ်စုတွင်ပါဝင်သည့်အချို့ကို ဥပမာပေးရလျှင်၊ ထမင်း၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ အာလူး၊ ဂျုံ ရောနှောထားသည့်အစားအစာတို့ဖြစ်သည်။

### အုပ်စု ၂၊ ပရိုတင်းအုပ်စု

ပရိုတင်းအစားအစာကို ခန္ဓာကိုယ်တည်ဆောက်သောအစားအစာများဟုလည်းခေါ်ဆိုနိုင်သည်၊

## BUILDING A BALANCED DIET FOR GOOD HEALTH

*Andree Menefee, TBBC*

***Eating plenty and a variety of foods is the best way to stay healthy. The diet should cover all body's requirements according to age, sex, weight and activity.***



### FOOD AND DIET

Food is everything we normally eat and drink. Every living thing needs food and water to survive. The foods that we usually eat is called our 'diet.' Depending on where people come from and which culture they live in, their diet can be very different.

For example, the Karenni 'diet' is made up of rice, some pork, chicken, fish or other meats, vegetables and fruits, plus beans and insects. The Karen 'diet' if made up of rice, fishpaste, plus meats, vegetables, etc. A Western 'diet' is made up of some different foods, and some of the same foods but eaten in different amounts, such as bread and potatoes, meats, vegetables, and fruits, plus things like cheese and milk.

All of these different diets can be healthy, depending on how much of each type of food is eaten.

Good nutrition is about balancing both the types and amounts of foods that we eat. To understand the importance of different types of foods, it's necessary to understand what nutrients are.

### NUTRIENTS

Nutrients are the components of food that have specific functions in keeping the body healthy, growing, and thriving.

### FOOD GROUPS

Foods can be organized by groups, according to what nutrients that have the most of, and what they do for our bodies.

**The Foods Groups Include:**

- Group1: **Carbohydrate or Energy Foods**
- Group 2: **Protein Foods**
- Group 3: **Vitamin and Minerals**
- Group 4: **Fats and sugars**

#### *Group 1: The Energy Group*

The energy group is made up of carbohydrates. This nutrient provides food for the brain, and also give our bodies energy.

Foods in the energy group usually include the main stable food. For example, RICE is the main food of Asian people, and provides the largest source of energy in the diet.
Some common examples of foods from the energy group include:

**The nutrients are:**
**Carbohydrates**
**Fat**
**Protein**
**vitamins and minerals**
**water**
**and**
**fiber ***
(*Not digested by enzymes)

ပရိုတင်းနှင့်ပတ်သက်သည့်အချက်အလက်အချို့

**အစားအစာအားလုံးတွင် အာဟာရအများရောနှောပါရှိသော်လည်း တချို့အစားအစာတွင်တစ်မျိုးထက်တစ်မျိုး ပိုမိုပါဝင်ကြောင်း သတိပြုရမည်။**

ကြွက်သားများဖြစ်ထွန်းစေရန်၊ ကြီးထွားစေရန်နှင့်ခန္ဓာကိုယ်အတ်ရာရပြီးသို့မဟုတ်ရောဂါရပြီးပြန်လည်နလံထူစေရန်ပရိုတင်းသည်အရေးပါ သည်။

ခန္ဓာကိုယ်ကြီးထွားသည့်အချိန်ကာလဖြစ်သောကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများအတွက်ပရိုတင်းသည်အထူးအရေးပါသည်။

ပရိုတင်းအုပ်စုတွင်အသုံးများသောဥပမာအစားအစာများမှာ၊

**တိရစ္ဆာန်ပရိုတင်း** = *အသားအားလုံး၊ ဥပမာ၊ ကြက်၊ ဝက်၊ အမဲသား၊ ငါး၊ ဂဏန်း၊ ဥအမျိုးမျိုးနှင့်နို့။*

**အပင်မှရသောပရိုတင်း** = *ပဲအမျိုးမျိုးနှင့်အစေ့မာအသီး – ကလီပီ* (calipe) *နှင့်ပဲနီပဲပုပ်နှင့်မြေပဲ။*

### ပရိုတင်းနှင့်ပတ်သက်သည့် အချက်အလက်အချို့

ပရိုတင်း ၂ မျိုး ၂ စားရှိသည်။ တစ်မျိုးမှာတိရစ္ဆာန်များမှလာသည့်ပရိုတင်းနှင့် အပင်များမှလာသောပရိုတင်းတို့ဖြစ်သည်။ တိရစ္ဆာန်မှလာသောပရိုတင်းသည်ခန္ဓာကိုယ်မှအသုံးပြုရန်လွယ်ကူသည်။ အကြောင်းကတော့လူတို့၏ကြွက်သားတွင်တွေ့ရသောအရာများသည်နှင့်တူသောကြောင့်ဖြစ်သည်။ သို့သော်လည်းအပင် မှလာသောအစားအစာများကိုလည်းရောနှော သုံးလျှင်မှန်ကန်သောအဖွဲ့ပ် နိုအက်စစ်အချိုး အစားရနိုင်သည်။ အပင်မှရသောအစား အစာများမှကောင်းမွန်သောပရိုတင်းရစေရန် အောက်ပါကဲ့သို့ရောနှောသုံးရန်လိုသည်။

အစေ့အဆံပဲအမျိုးမျိုးသို့မဟုတ်ပျောင်း ပဲ အ မျိုးမျိုး သို့မဟုတ်အစေ့အဆံ၊ အခွံမာအသီးအောက်ဖော်ပြပါတို့သည်ကောင်းမွန်သောပရိုတင်းအရောအနှောနမူနာများဖြစ်သည်။
ထမင်းသဲပဲဝါလေး၊ ပြောင်းနှင့်ပဲနီ၊ ထမင်းနှင့်မြေပဲ၊ ပေါင်မုန့်နှင့်မြေပဲတို့ဖြစ်သည်။

## အုပ်စု ၃၊ ဗိုက်တာမင်နှင့်သတ္တုများ

အစားအစာအားလုံးတွင်အမျိုးမတူသော ဗိုက်တာမင်များနှင့်သတ္တုဓါတ်တချို့ပါဝင်သော်လည်း အသီးများနှင့်အရွက်များတွင်အဆိုပါဓါတ်များပိုမိုများစွာပါဝင်လေ့ရှိသည်။ ခြုံကြည့်လျှင် ဗိုက်တာမင် နှင့်သတ္တုဓါတ်များသည်ကိုယ်ခံအားများဖြစ်ပေါ်စေရန်၊ ရောဂါများကိုကာကွယ်ရန်၊ ခန္ဓာကိုယ်၏အ စိတ်အပိုင်းတော်တော်များများဖြစ်သည့်သွေးများ၊ အရေပြားများ၊ သွားများ၊ အရိုးများ၊ စသည်တို့ကိုတည်ဆောက်ရန်နှင့်ထိမ်းသိမ်းရေ န်းအထောက်အကူပေးသည်။ တချို့သောဗိုက်တာမင်များခန္ဓာ ကိုယ်မှစားသုံးသောအင် အားဖြစ် စေသောအစားအစာများကိုအသုံးချရန်အထောက်အကူပြုသည်။

ခန္ဓာကိုယ်၏အားကောင်းသော သွေး၊ သွား၊ အရိုးတို့ဖြစ်စေရန် အကူအညီပေးသည့်သတ္တုဓါတ်များဖြစ်သောသံ၊ အိုင်အိုဒင်း၊ ထုံးစသည့်တို့ကိုအစားအစာများတွင်တွေ့ရသည်။

ဗိုက်တာမင် အေ၊ ဘီ၊ စီ နှင့်အခြားသတ္တုဓါတ် များဖြစ်သောထုံးနှင့်သံဓါတ်ကိုအစားအစာတော်တော်များများတွင်တွေ့ရသော်လည်း အဆိုပါတို့ကိုအကောင်းဆုံးရရှိနိုင်သောအခြေအနေမှာအသီးအရွက်လတ်လတ်ဆတ်ဆတ် အထူးသဖြင့်အစိမ်း ရင့်ရောင်၊ လိမ္မော်ရောင်နှင့်အဝါရောင်အရွက်များအသီးများဖြစ်သည်။
ဗိုက်တာမင် နှင့် သတ္တုအများဆုံး ပါဝင်သော အသွေ့များသည့်အစားအစာများမှာအောက်တို့ပါဝင်၏။

– အစိမ်းရင့်ရောင်နှင့်လိမ္မော်ရောင်အရွက်များလတ်ဆတ်အရွက်များ ဥပမာအစိမ်းရောင်ပဲများ၊ ဖရုံသီး၊ ကဇွန်းရွက်နှင့်ခရမ်းချဉ်သီး
– လတ်ဆတ်သီးနှံဖြစ်သောသဘော်သီး၊ သရက်သီး၊ ပိန္နဲသီးနှင့်လိမ္မော်သီး

## အုပ်စု ၄၊ ဆီနှင့်သကြား

ဤအုပ်စုတွင်ပါဝင်သောအစားအစာများအသည်လူအများအနေဖြင့်အနည်းဆုံးစားသုံးသင့်သည်၊ အထက်ပါအုပ်စုတွင်ဆီ၊ အသားများမှရသောအဆီနှင့်ပြုပြင်ထား သောသကြားတို့ပါဝင်သည်။

## SOME SPECIAL ISSUES ABOUT PROTEIN



rice, noodles, bread, corn, potatoes, flour, blended food, etc.

***Group 2: The Protein Group***
Protein foods can also be called "body-building" foods. Protein is important to develop muscle, for growth, and to repair the body after illness or injury.

Protein foods are especially important for children and pregnant women, as this is the time that the body is growing.

Some common examples of foods in the Protein Group include:

***Animal protein*** *= all meats, like chicken, pork, beef, fish, and crab, also eggs, milk*

***Plant protein*** *= beans and nuts like calipe and red beans, soybeans, and peanuts*

### SOME SPECIAL ISSUES ABOUT PROTEIN

There are 2 kinds of protein; 1 kind comes from animals and the other from plants.
Animal protein is easily used by our body because it contains the same things that are found in our muscles. But, protein from plant foods can be combined so that they also provide the correct proportion of amino acids. To get good protein from plant foods we need to combine:

grains + beans OR maize + beans OR grains + nuts

here are some examples of good protein combinations:
rice yellow beans, corn with red beans, rice with groundnuts, bread with groundnuts, etc.

***Group 3: Vitamins and minerals***
Although all foods have some amounts of different vitamins and minerals, fruits and vegetables tend to have high amounts of vitamins and minerals. In general, vitamins and minerals help build our immune function, protect us from disease, and help build and maintain the many components of our bodies, including blood skin, teeth, bones, etc. Some vitamins also help our bodies to use the energy foods that we eat.

Minerals such as iron, iodine, calcium, help the body make strong blood, teeth,

**"Remember that all foods have a *combination* of most nutrients, but some have more of one kind than another kind."**

## မျှတသောစားနေကျအစားအစာဖြစ်စေရန်ပြင်ဆင်ခြင်း

**ယောကျာ်း၊ မိန်းမ၊ ကလေးအပါအဝင် လူအားလုံးတို့သည်ကျန်းမာသန်စွမ်းရန် အစားအစာအုပ်စုအားလုံးမှအစားအစာများကိုစားရန်လိုအပ်သည်။**

### မျှတသောစားနေကျအစားအစာဖြစ်စေရန်ပြင်ဆင်ခြင်း

ကောင်းမွန်သောအာဟာရနှင့်မျှတသောစားနေကျအစာဖြစ်စေရန်အုပ်စုအားလုံးမှအစားအစာများကိုစားသုံးသင့်သည်။ အသီးတစ်မျိုးတည်း၊ သို့မဟုတ် ဥတစ်မျိုးတည်း၊ သို့မဟုတ်ကစွန်းရွက်တစ်မျိုးတည်းနေ့စဉ်နေ့တိုင်း စားသုံးခြင်းသည်ကျန်းမာရေးနှင့်မညီညွတ်ပါ။ အစားအစာအုပ်စုတစ်ခုတည်းသာစားသုံးလျှင်အခြား အုပ်စုတွင်ပါဝင်သောအာဟာရများ၏ အကျိုးကျေးဇူးများမရရှိနိုင်ပေ။

လိုအပ်သောအာဟာရများအားလုံးပါသည့်အစားအစာများကိုရှာတွေ့ရန်ခက်ခဲပေမည်။ တချို့သောအစားအစာများသည်နေရာတိုင်းတွင်မရ နိုင်ပါ။ သို့မဟုတ်အစားအစာတို့ကိုဝယ် ယူရန်လူတချို့တို့တွင်ငွေရှိချင်မှရှိလိမ့်မည်။ သို့မဟုတ်လူတချို့နှစ်သက်သော အစား အစာတွင် သဘာဝအားဖြင့် အာဟာရတချို့နည်းပါးစွာပါဝင်သောကြောင့် မျှတသောအစားအစာဖြစ်ရန်ခက်ခဲပေမည်။ အခြေအနေအရပ်ရပ်များအရအကောင်းဆုံးမျှတသောစားနေကျအစာကို ဖန် တီးဖြစ်ပေါ်စေရန် **မည်ကဲ့သို့** သောအစားအစာများကိုစိုက်ပျိုးရမည်၊ဝယ်ယူရမည်။ အရောင်းအဝယ်ပြုလုပ်ရမည်၊စသည်တို့ ကိုသိရှိနားလည်ရန်မှသာမျှတသောစားနေကျအစားအစာကိုဖန် တီးနိုင်လိမ့်မည်။

- ရနိုင်လျှင်ပဲအမျိုးမျိုး သို့မဟုတ်အခွံမာအသီးများ၊ လတ်ဆတ်သောအသီးများ၊ နှင့်အရွက်များအသားနှင့်ဥအမျိုးမျိုးတို့အပါ အဝင်အစားအစာမျိုးစုံကိုနေ့စဉ်ထ မင်းအပြင်ကျိုးစားပြီးစားသုံးပါ။

- လူတိုင်းသည်အစိမ်းရင့်ရောင်အရွက်ကြီးများ၊ အဝါရောင်နှင့်လိမ္မော်ရောင်အသီးများနှင့်အရွက်များ ကိုနေ့စဉ်နေ့တိုင်းကျိုးစားပြီးစားသုံးသင့်သည်။

- လူတိုင်းအသားသို့မဟုတ်အချဉ်ညှစ်ပြီး စား ခြင်း နှင့်ချဉ် သော အသီးအနှံကိုထမင်းစားစဉ်ရောစားသင့်သည်။ သင်၏ခန္ဓာကိုယ်မှသံဓါတ်ကိုအသုံးနိုင်ရန်အဆိုပါဗိုက်တာမင်စီပါသောအစားအစာများမှအကူညီပါလိမ့်မည်။

- ကလေးများသည် ကြီးထွားဖွံ့ဖြိုးရန်အတွက် ပရိုတင်းအစားအစာများ နှင့် လတ်ဆတ်သောအသီး၊ အရွက်များအလွန်လိုသည်။ နေ့တိုင်းအစားအစာမျိုးစုံလို အပ်ပါသည်။

- ကွမ်း၊ ကွမ်းသီး၊ ကော်ဖီ နှင့် လက်ဖက်ရည်တို့သည်တချို့ဗိုက်တာမင်နှင့်သတ္တု ဓါတ်များကိုဖျက်ဆီးသည်။ အဆိုပါအစားအစာတို့ကို ထမင်းစားချိန်နှင့်နီးကပ်စွာစားသောက်ခြင်းမပြုပါနှင့်



bones, and can be found in many foods.

Vitamins, such as vitamins A, B, and C, and minerals, such as calcium and iron, can be found in foods in other groups, but the best way to get lots of vitamins are from eating fresh vegetables and fruits, especially dark green, orange or yellow vegetables and fruits.

Some common examples of foods high amounts of vitamins and minerals include:

- Dark green and orange vegetables, and fresh vegetables, such as green beans, pumpkin, morning glory, tomatoes.
- fresh fruits, such as papaya, mango, jackfruit, and oranges.

***Group 4: Fat and Sugar***

These foods are foods that we should eat the least of. They include oil, fat from meat, refined sugar, etc.

## BUILDING A BALANCED DIET

People need food from all groups to have a balanced diet and good nutrition. It is not healthy to eat only oil everyday, or only eggs everyday, or only morning glory every day. If we only eat foods from one group, we will not be getting the benefit from nutrients from the other groups.

It may be difficult for people to find foods that contain all the nutrients they need, because some foods might not be available to them, or because they do not have money, or because some foods that people like to eat are naturally low in certain nutrients. Still, it is important that people know WHAT types of foods to grow, purchase, trade, etc. to create the most balanced diet under the circumstances.

• TRY TO EAT A VARIETY OF FOODS EVERY DAY IN ADDITION TO RICE, INCLUDING BEANS OR NUTS, FRESH FRUITS AND VEGETABLES, AND MEAT AND EGGS IF AVAILABLE

• EVERYONE SHOULD TRY TO EAT SOME DARK GREEN LEAFY VEGETABLES, AND YELLOW AND ORANGE FRUITS AND VEGETABLES, EVERY DAY

• EVERYONE SHOULD TRY TO EAT SOME MEAT AND PUT LEMON ON YOUR FOOD OR EAT SOUR FOODS WITH YOUR MEALS – THESE ARE VITAMIN C FOODS THAT HELP YOUR BODY USE IRON

• CHILDREN NEED PLENTY OF PROTEIN FOODS AND FRESH FRUITS AND VEGETABLES TO GROW PROPERLY – THEY NEED VARIETY EVERY DAY

• BETEL NUT, COFFEE AND TEA DESTROY SOME VITAMINS AND MINERALS – DO NOT EAT THEM CLOSE TO MEALS

**“ALL PEOPLE - men, women, and children NEED FOOD FROM ALL THE FOOD GROUPS TO STAY HEALTHY AND STRONG.”**

# စနေထွန်း ဘာကြောင့် အဟာရချို့တဲ့သော ကလေးဖြစ်လာရသလဲ

ကျန်းမာရေးစေတမန်အဖွဲ့

***ဤဆောင်းပါးတွင် ကလေးများဟာရချို့တဲ့ခြင်းဖြစ်ရာတွင်ပါဝင်သက်ဆိုင်နေ သောဆင်းရဲခြင်း၊ ပညာသုတမရှိခြင်း၊ ဂရုမစိုက်ခြင်း နှင့် လူမှုရေးအချက်များတို့၏ဆက်နွယ်နေမှုကိုလေ့လာတင်ပြထားခြင်းဖြစ် သည်။***

## စမ်းသပ်စစ်ဆေးခြင်း

**သူ၏အသက်သည် ၂ နှစ် ရှိသင့်သော်လည်းသူသည်ခန္ဓာကိုယ် ဖွံ့ဖြိုးမှုရပ်တန့် နေသည်။**

သေးငယ်သော စနေထွန်းသည် ၃ နှစ်အရွယ်ရှိပြီး ကာသမျှဖြစ်သောအဟာရချို့ တဲ့ခြင်းအစီအစဉ်အတွက် ဆိုဖိုးဆေးရုံသို့တင်ထားသည်။ ဆေးရုံတက်သည့်နေ့တွင်သူ၏ကိုယ်အလေးချိန် ၅ ၏ ၇ ကီလိုနှင့်အရပ်အမြင့် ၆၉ ၏ ၅ စင်တီမီတာဟုမှတ်တမ်းတင်ထားသည်။ ခန္ဓာကိုယ်သိပ်သည်းမှုအညွှန်း Body mass index (BMI) မှာ ၇၀ ရာခိုင်နှုန်းထက်နည်းပြီး ထိုကလေးသည်ပြင်းထန်သောအဟာရချို့တဲ့ခြင်းဖြစ်နေသည်ကိုပြသည်။ ကလေး၏အရပ်အမြင့်မှာ ၁ နှစ်သားအရွယ်ကလေးငယ်တွင်တွေ့ရှိရမည့်အရပ်အမြင့်အတိုင်းဖြစ်ပါသည်။ ထို့ကြောင့်ထိုကလေး၏အသက်သည် ၂ နှစ်သားအရွယ်ဖြစ်နိုင်ဘွယ်ဖြစ်ကြောင်းတွေ့ရှိရသည်။ သူ၏ကိုယ်အလေးချိန်သည် သူ၏အရပ်မြင့်နှင့်နှိုင်းစာလျှင်ရှိသင့်သည့်ကိုယ်အလေးချိန်ထက် ၁. ၅ ကီလိုလျော့နည်းနေသည်။ ဤအတိုင်းအတာများသည် ကျန်းမာသောလူထုအတွင်းတွင်ရှိသင့်သောပျမ်းမျှအတိုင်းအတာများဖြစ်သည်။ ဤကလေး၏အသက်နှင့်ယှဉ်သော အရပ်အမြင့်မှာနာတာရှည်အာဟာရချို့တဲ့နေကြောင်းကိုညွှန်ပြနေသည်၊ သူ၏အသက်သည် ၂ နှစ် ရှိသင့်သော်လည်းသူသည် ခန္ဓာကိုယ်ဖွံ့ဖြိုး မှုရပ်တန့်နေသည်။



ကလေးကိုစမ်းသပ်စစ်ဆေးကြည့်ရာတွင်စနေထွန်းသည်စိတ်တိုခြင်း၊ ထိုင်းမှိုင်းလေးလန်ခြင်း၊ အားအင်ဆုတ်ယုတ်ခြင်း၊ ခြေထောက်အောက်ပိုင်းတွင်အနာစိမ်းများရှိခြင်း၊ နှင့်ကူးစက်ရောဂါပိုးဝင်ခြင်း အထောက်အထားများတွေ့ရှိရသည်။ သူ၏ ခြေတန်လက်တန်များနှင့်တင်ပါးဆုံများ သည် သိမ်လျက်ရှိပြီးခြေထောက်မှာ ဗိုလိုက်လျှင်ချိုင့်ဝင်သွားသည်ကိုတွေ့ရသည်။ ဤအချက်များက စနေထွန်းသည်မရပ်စမတ်စ်နှင့်ကွာရှီယိုကာနှစ်မျိုးလုံးရောဂါဖြစ်နေကြောင်း ညွှန်ပြနေသည်။

## လူမှုရေးရာဇဝင်

စနေထွန်းသည်သူ၏အမေမလုံးတင်၏တစ်ဦးတည်းသောသားနှင့်သားဦးဖြစ်သည်။ မလုံးတင်သည်အသက် ၂၈နှစ်ရှိပြီဖြစ်သည်။ သူမ၏ဒုတိယခင်ပွန်း၏မြင်းပတွင် သူမ၏လင်ယောကျ်ား နှင့်အတူနေထိုင်သည်။ မလုံးတင်၏လက်ရှိယောကျ်ားသည်စနေထွန်း၏အဖေမဟုတ်ပေ။ ထို့ကြောင့်ပင်စနေထွန်းကလေးသည်သူ၏ပထွေးမှဂရုစိုက်ခြင်း အနည်းငယ်သာခံရပေသည်။ သူဆေးရုံတက်နေစဉ်အတွင်းသူ၏ပထွေးသည်စနေထွန်းကိုတစ်ခါမျှလာမကြည့်ပေ။

မလုံးတင်၏လင်ယောကျ်ားသည်အနီးအနားရှိလယ်ကွင်းများတွင်နေ့စားအနေဖြင့်အလုပ်လုပ်ကိုင်လျက်ရှိသည်။ သူတို့မိသားစု၏ဝင်ငွေမှာသိပ်မှန်မှန်မရပါ။ ထမင်းစားချိန်များတွင် စားသောက်ရသည်မှာဆန်၊ ငရုတ်သီးနှင့် ဟင်းချိုရေကျဲကျဲသာဖြစ်ပါသည်။ အသားကို တစ်ခါတစ်ရံမှသာစားသုံးရသည်။ ရံဖန်ရံခါ သစ်သီးများကို အိမ်နီးချင်းများ၏ရက်ရောမှုအပေါ်တွင်မူတည်သည်။
စနေထွန်း၏မိခင်သည်လည်းသိသိသာသာအဟာရချို့တဲ့ခြင်းဖြစ်နေသည်မှာသူမသည်လည်းအပြင်တွင် အလုပ်လုပ်နေရပြီးမိသားစုကိုပံ့ပိုးထောက်ပံ့နေရ၍ဖြစ်နိုင်သည်။ စနေထွန်းကိုလည်းကောင်းမွန်စွာမကြည့်နိုင်ဘဲတစ်ယောက်တည်းထားခဲ့ရသည်။ အနာများနှင့်အရေပြားကူးစက်ရောဂါပိုးဝင်ခြင်းများကိုကြည့်ခြင်းဖြင့် စနေထွန်းကိုဆီးနှင့်မစင်များပေကျံလျက်နာရီပေါင်းကြာမြင့်စွာပစ်ထားလေ့ရှိသည်ကိုညွှန် ပြနေသည်။

## How Sanetun became a malnourished child?

*By Health Messenger Magazine*

***The case study presented in this paper indicates the relationship between poverty, ignorance, neglect and social factors, which are contributory causes of malnutrition in children.***

### Clinical examination

Sanetun is a little 3-year-old boy, who was admitted at Nu Po hospital's Therapeutic Feeding Program. His weight and height were recorded on admission as 5.7 kg and 69.5 cm putting him below 70% of the median weight for height and indicating that he showed severe acute malnutrition. His weight was 1.5 kg below that expected for his length according to averages that would be seen in healthy populations. Also, his length was what a person might expect to see in a small one-year-old child. His length for age, an indicator of the presence of chronic malnutrition, showed that he was stunted and wasted, even if his age might have been two years old.

On clinical examination, Sanetun was suffering from: irritability, lethargy, weakness, open sores around the lower part of his body, with evidence of skin infections. His limbs and buttocks were wasted with pitting oedema of his feet, indicating combined marasmus and kwashiorkor.

### Social history

Sanetun is the first and only child of his mother, Malun Tin. Malun Tin is 28-years-old, and she lives outside the camps, with her husband. Male Tun's husband is not Sanetun's father, which explains the little attention the child receives from his stepfather. During his stay at the hospital, Sanetun's stepfather never visited him.



Malun Tin and her husband are working as daily workers in neighboring farms. The income of the family is very irregular and most meals are composed of rice, chili and clear soup. Meat is consumed occasionally and the family has to rely on neighbors' generosity to get some fruits from time to time. Sanetun usually eats only 2 meals a day with no snacks in between.

Sanetun's mother is also malnourished and as she has to work outside to support the family's income, Sanetun is often left alone at home without proper care. The sores and skin infection suggest that Sanetun is usually left for many hours in swaddles soiled with urine and faeces.

### Treatment and Rehabilitation

Sanetun's recovery was very smooth. He received vaccination against measles, some antibiotics, vitamin A, and de-worming treatment. His mother stayed with him during the 20 days of his hospitalization, assisting the emotional and physical healing of

> **"He was stunted and wasted, even if his age might have been two years old."**

## ဆေးကုသမှုနှင့်ပြန်လည်ထူထောင်ပေးမှု

**ပြင်းထန်သောအာဟာရချို့တဲ့ခြင်းကိုခံစားခဲ့ရသော ကလေးငယ်ငယ်၏ ပြန်လည်နလံထလာမှုကို အာဟာရနှင့်ပတ်သက်သည့်ပြုစုမှုကိုကောင်းစွာနားလည်သဘောပေါက်သော ဆေးဝန်ထမ်းများနှင့် သူနာပြုများ ကသေသေချာချာအနီးကပ်ကြည့်ရှုရမည်ဖြစ်သည်။**

### ဆေးကုသမှုနှင့် ပြန်လည်ထူထောင်ပေးမှု

စနေထွန်း၏နဂိုပုံမှန်အခြေအနေသို့ ချောချောမောမောရောက်ရှိခဲ့သည်။ သူသည်ဝက်သက်ရောဂါ ကာကွယ်ဆေး၊ အချို့သောပဋိဇီဝဆေးများ၊ ဗိုက်ထဲမင် အေးနှင့် သံကောင်များကိုချပေးသောကုသမှုလည်းရရှိခဲ့သည်။ စနေထွန်း၏မိခင်သည်သူ ဆေးရုံတက်နေသောအရက် ၂၀ အတွင်းဆေးရုံ၌တုတုနေခဲ့သည်။ သူမသည်ကလေးငယ်၏စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ပိုင်းဆိုင်ရာကုသမှုများနှင့် ပတ်သက်၍ပံ့ပိုးပေးခဲ့သည်။ ဆေးမှူးများကသူမ၏ကလေးဘာဖြစ်သည်ကိုရှင်းပြပြီးနောက်နောင်တွင်ထိုသို့သောအခြေအနေသို့ပြန်မရောက်အောင် ဘယ်လိုရှောင်ကျဉ်ရမည်ကိုရှင်းပြခဲ့သည်။

မလုံးတင်၏မိတ္တူပေးသောထောက်ခံအကြံပေးချက်အရ စနေထွန်းကိုဆေးရုံသို့ပို့ခဲ့ခြင်းဖြစ်သည်။ သူ၏အသက်အရွယ်အလိုက်စကားပြောနိုင်ခြင်းနှင့်လမ်းလျှောက်နိုင်ခြင်းလည်းမရှိပေ။ ရုတ်တရက် အာဟာရချို့တဲ့မှုကိုခံစားနေရသောကလေးတစ်ယောက်၏ပုံစံအတိုင်းမစားချင်မသောက်ချင်သည့်ပုံလည်းပေါ်နေ သည်။ ၃ရက်ခန့်ဆေးရုံတွင်ကုသပြီးစနေထွန်း၏အခြေအနေကောင်းမွန်လာသည်။ သူ၏ကိုယ်အလေးချိန်မှန်မှန်ပြန်တက်လာပြီးရောဂါခံစားရမှုလည်းမပြတော့ပေ။ တိတိကျကျကြီးကြပ်ပြီးဆေးပညာအရစောင့်ရှောက်ကုသမှုကြောင့်စနေထွန်း၏ခံတွင်းပြန်ကောင်းလာသည်။ ၁၅ရက်ကြာကုသပြီးစနေထွန်း ၏ကိုယ်အလေးချိန် ၇ ကီလိုဖြစ်လာသည်။ အဆိုပါအလေးချိန်သည်အရပ်အလိုက်ကိုယ်အလေးချိန်၏ အလယ် (မီဒီယမ်) ၈၅ ရာခိုင်နှုန်းနှင့်ညီမျှသည်။ သူ့အား အမေနှင့်ပထွေးရှိသည့်အိမ်သို့ဆေးရုံမှပြန်ဆင်းပေးလိုက်သည်။ သူပြန်ရသည့်အိမ်သည် ယခင်ကအာဟာရနှင့်ပြုစုမှုကောင်းစွာမရရှိသည့်နေ ရာဖြစ်နေသည်။ ဆေးရုံမှအကြံပြုလိုက်သည့် ကျန်းမာရေးပညာနှင့်သူ့အားဆက်လက်ကြည့်ရှုမှုရှိမရှိခြင်းသည်အရေးပါသည့်အချက်တစ်ချက်ဖြစ်သည်။ သို့မဟုတ်သူ၏မိခင်သည်ဆက်လက်လစ်လျူရှုပြစ်ထားမထားသည်လည်းအရေးပါသည့်အကြောင်းအချက်ဖြစ်သည်။

အာဟာရချို့တဲ့မှုပြန်မဖြစ်စေရန်နှင့်ဖြည့်စွက်စာများရရှိစေရန် အတွက်ဆေးရုံသို့တစ်ပတ်တစ်ခါပြန်ပြနိုင်းထားသည်။ အဆိုပါကဲ့သို့ပြန်ပြစေခြင်းသည် သူ၏အခြေအနေတိုးတက်မှုရှိမရှိကိုစစ်ဆေးပေးရန်လည်းဖြစ်သည်။

### နိဂုံးချုပ်

ဤလူနာ၏အဖြစ်အပျက်ရာဇဝင်သည် ပြင်းထန်သောအာဟာရချို့တဲ့၍ရုပ်ပိုင်းဆိုင်ရာ၊ ကိုယ်ပိုင်းဆိုင်ရာဒါဏ်ရာရအားသောကလေးငယ်၏ ပြန်လည်နလံထလာသောအကြောင်းကိုတင်ပြထားခြင်းဖြစ်ပါသည်။ သို့ရာတွင်သူ၏မိသားစု၏စီးပွားရေးအခြေအနေကခက်ခဲပြီး သူသည်ယခင်ကရောဂါရခဲ့သည့် ထိုခက်ခဲသောအခြေအနေရှိသည့် အိမ်သို့ပြန်ရခြင်းဖြစ်သည်။ ဝမ်းနည်းစရာကောင်း သောအဖြစ်ကတော့၊ စနေထွန်းအာဟာရချို့တဲ့မှုပြန်မဖြစ်နိုင်ဟုမပြောနိုင်ခြင်းဖြစ်ပင်ဖြစ်သည်။ အကြောင်းကတော့ရောဂါဖြစ်စေသည့်အကြောင်းရင်းများကိုဖယ်ရှားနိုင်ခြင်းမရှိ၍ဖြစ်သည်။ သူ၏အမေသည်သူ့အားသေချာစွာပြုစုနိုင်သည့်အနေအထားမရှိသည့် အပြင်သူ၏ပထွေးသည်လည်းသူ့အားဂရုစိုက်မှုနည်းသည်။ ကျန်းမာရေးဝန်ထမ်းများကူညီနိုင်တာကတော့သူတို့၏ မိသားစုအားအိမ်တိုင်အိမ်ရောက်သွားရောက်ပြီး ကျန်းမာရေးပညာပေးခြင်းပင်ဖြစ်သည်။

ပြင်းထန်သောအာဟာရချို့တဲ့ခြင်းကိုခံစားခဲ့ရသောကလေးငယ်ငယ်၏ ပြန်လည်နလံထလာမှုကို အာဟာရနှင့်ပတ်သက်သည့်ပြုစုမှုကိုကောင်းစွာနားလည်သဘောပေါက်သော ဆေးဝန်ထမ်းများနှင့် သူနာပြုများ ကသေသေချာချာအနီးကပ်ကြည့်ရှုရမည်ဖြစ်သည်။ အရေးကြီးသောကျန်းမာရေးပြဿနာများသည်ပြင်းထန်စွာအာဟာရချို့တဲ့သောကလေးငယ်တစ်ယောက်တွင်ဖြစ်ပေါ်နိုင်သည့်အဆုတ်ရောင်ရောဂါ၊ နှလုံးအလုပ်မလုပ်တော့သောရောဂါ၊ ကိုယ်ခံအားကျဆင်းခြင်း၊ ကူးစက်ရောဂါပိုးဝင်ခြင်းကြောင့်သွေးလန့်ခြင်း၊ တို့ဖြစ်ပေါ်နိုင်ပြီးသေဆုံးသည်အထိဖြစ်နိုင်သည်။ လုပ်ငန်းကျွမ်းကျင်မှု လေ့ကျင့်မှု နည်းများကိုတိကျစွာလိုက်နာမှုနှင့် ဂရုထားမှုတို့ဖြင့်ဤသို့သောအခြေအနေဖြစ်ရပ်များကိုလျော့နည်းအောင်လုပ်နိုင်ပါသည်။

## Treatment and Rehabilitation

her little boy. Medics explained what had happen to her child and advised her on how to avoid such a situation to happen again in the future.

Sanetun was brought to the hospital on the recommendation of Malun Tin's stepmother. Despite his age, he could neither walk nor talk and displayed the usual anorexic symptoms of a child suffering from acute malnutrition. After three days, Sanetun's condition started to improve. His weight gain was steady and he suffered no medical complications. His appetite recovered with the introduction of a medically prescribed and strictly monitored feeding treatment. After twenty-five days of treatment Sanetun's weight had reached 7 kgs, which is equivalent to 85% of the median weight for height index. He was discharged home to his mother and stepfather. He returned to the family home where he had been previously denied nutrition and basic care. It was a concern whether or not his mother would be able to follow up with the health pieces of advice she received at the hospital or would she provide cause for further neglect.

Arrangement were made for Sanetun to attend follow up visit at the hospital one day every week for weight check, to assess his progress and to receive a regular allowance of supplementary foods to prevent relapse.

This case his o n c l e u la s e i s on e reco of a severely malnourished, physically and emotionally traumatized child. However, because of the difficult economic situation of his family, he was returning home to a situation, which had caused his condition. Sadly, a recurrence cannot be ruled out because the underlying causes were not addressed, due to the reduced capacities of the mother to provide care and attention and the lack of concern of Sanetun's stepfather. Health workers can help by making regular home visits and providing ongoing health education to the family.

The recovery of a child suffering from severe, acute malnutrition must be carefully monitored by medical and nursing staff, with good knowledge of nutritional care. Major medical complications can arise in a severely malnourished child, giving rise to conditions such as pneumonia, cardiac failure, suppression of the immune system and toxic shock, which can result in death. They can be reduced through skilled work, adherence to protocols and attention.

**"The recovery of a child suffering from severe, acute malnutrition must be carefully monitored by medical and nursing staff."**



# Quiz 2004 အသိမေးခွန်းလွှာ ၂၀၀၄

You can answer either in English or in Burmese. Write down your answers on this sheet and please return to the following address by **15 March 2005.** **Put ✓ or fill in Blanks for correct answers.**

မေးခွန်းများကို အင်္ဂလိပ် (သို့) မြန်မာဘာသာဖြင့်ဖြေဆိုနိုင်သည်။ အဖြေလွှာများကိုဤစာရွက်ပေါ်တွင်ဖြေဆို၍ **၂၀၀၅ ခု၊ ၁၅ ရက် မတ်လ** အရောက် အောက်ဖော်ပြပါလိပ်စာသို့ ပြန်ကြားနိုင်ပါသည်။ စံချိန်မှီဖြေဆိုသူအားလုံးထံ သို့ လက်ဆောင်ပစ္စည်းငယ်များပေးပို့ပါမည်။ **အဖြေကို✓ (သို့မဟုတ်) ကွက်လပ်ဖြည့်ပါ။**

**Address လိပ်စာ: Aide Medicale Internationale** Mae Tao Road, Mae Sot, Tak, 63110
**Mobile:**06-744-3387 **Email:** hmess@loxinfo.co.th

1. What is a community contingency plan?
၁။ အရေးပေါ်လာပါကရပ်ရွာလူထုမှလုပ်ဆောင်ရမည့်အစီအစဉ်ဆိုသည်မှာအဘယ်နည်း။

________________________________________

________________________________________

________________________________________

2. Describe signs and symptoms of shock.
၂။ သွေးလန့်ခြင်း၏လက္ခဏာများကိုဖော်ပြပါ။

________________________________________

________________________________________

________________________________________

3. Mention the reference value for Measles coverage during health emergency.
၃။ ကျန်းမာရေးအရေးပေါ်အခြေအနေတွင်ဝက်သက်ကာကွယ်ဆေးထိုးပြီးမှုအညွှန်းတန်ဖိုးကိုဖော်ပြပါ။

________________________________________

________________________________________

________________________________________

4. What should you do if your clothes catch fire?
၄။ သင်ဝတ်ဆင်ထားသည့်အဝတ်မီးလောင်လျှင်မည်ကဲ့သို့ပြုလုပ်သင့်သနည်း။

________________________________________

________________________________________

________________________________________

5. Name the 2 main contents of central nervous system.
၅။ ဗဟိုနာဗ်ကြောအဖွဲ့၏အဓိကပါဝင်သည့်အစိတ်အပိုင်း ၂ ခု၏အမည်ကိုရေးပါ။

________________________________________

________________________________________

________________________________________

6. Describe signs of meningitis.
၆။ ဦးနှောက်အမြှေးရောင်ခြင်း၏လက္ခဏာများကိုဖော်ပြပါ။

________________________________________

________________________________________

________________________________________

7. What do you use for treating meningitis?
၇။ ဦးနှောက်အမြှေးရောင်ရောဂါကုသသည့်ဆေးသည်မည်သည့်ဆေးဖြစ်သနည်း။

8. What is child abuse?
၈။ ကလေးငယ်အားနှိပ်စက်ခြင်းဆိုသည်မှာမည်သည့်အကြောင်းအရာဖြစ်သနည်း။

9. What are the signs and symptoms of deep vein thrombosis?
၉။ အတွင်းသွေးပြန်ကြောသွေးခဲခြင်း၏လက္ခဏာများနှင့်စမ်းသပ်တွေ့ရှိချက်တို့ကိုဖော်ပြပါ။

10. What is the definition of tetanus?
၁၀။ မေးခိုင်ရောဂါ၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုရေးပါ။

11. What is septicemia?
၁၁။ သွေးဆိပ်တက်ခြင်းသည်မည်ကဲ့သို့ဖြစ်သနည်း။

12. Name 3 blood borne viral diseases.
၁၂။ သွေးမှတဆင့်ကူးစက်သောဗိုင်းရပ်စ်ရောဂါ ၄ မျိုးကိုဖော်ပြပါ။

13. What is the combined oral contraceptive?
၁၃။ ဟော်မုန်း ၂ မျိုးပါသောသန္ဓေတားစားဆေးသည်မည်သည့်အရာဖြစ်သနည်း။

14. What are the side effects of DEPO?
၁၄။ ပရိုဂျက်စတိုဂျင်တမျိုးတည်းပါသောသန္ဓေတားထိုးဆေး၏ဘေးထွက်ဆိုးကျိုးများသည်မည်သည့်အချက်များဖြစ်သနည်း။

15. Does a man lose his sexual capacity after a vasectomy?
၁၅။ အမျိုးသားအကြောဖြတ်ခြင်းကြောင့်အမျိုးသားများသည်လိင်ဆက်ဆံမှုစွမ်းရည်ကျဆင်းဆုံးရှုံးပါသလား။

16. Describe the definition of health according to the World Health Organization.
၁၆။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ကျန်းမာရေးဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်ကိုရေးပါ။

17. Name 5 vector-borne diseases.
၁၇။ ရေနှင့်ဆက်နွယ်သည့်ပိုးမွှားကောင်များမှတဆင့်သယ်ဆောင်သောရောဂါအမည် ၅ မျိုးကိုရေးပါ။

18. Define Trachoma.
၁၈။ မျက်ခမ်းစပ်ရောဂါ၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုရေးပြပါ။

19. What is diarrhoea?
၁၉။ ဝမ်းလျှောဝမ်းပျက်ရောဂါဆိုသည်မှာမည်သည့်ကိစ္စဖြစ်သနည်း။

20. What is the causative organism of typhoid fever?
၂၀။ တိုက်ဖွိုက်ဖေါ်အူရောင်ငန်းဖျားရောဂါသည်မည်သည့်ပိုးမွှားကောင်ကြောင့်ဖြစ်သနည်း။

# Quiz 2004 အစတိုမေးခွန်းလွှာ ၂၀၀၄

21. Name 3 groups at risk of HIV/AIDS infection.
၂၁။ အိတ်ချ်အိုင်ဗီအထူးကူးစက်နိုင်သည့် အုပ်စု ၃ စု၏အမည်ကိုဖော်ပြပါ။

22. Name 3 countries currently experiencing serious HIV/AIDS epidemics in South-East Asia.
၂၂။ အရှေ့တောင်အာရှရှိအိတ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်ကပ်ရောဂါအများဆုံးဖြစ်နေသောနိုင်ငံ၏အမည်များကိုရေးပါ။

23. Describe advantages of existing triple anti-retroviral therapy.
၂၃။ လက်ရှိ ၃ မျိုးတွဲရီထရိုဗိုင်းရပ်စ်ကုသထုံး၏အားသာချက်များကိုဖော် ပြပါ။

24. HIV/AIDS is a punishment from God. a) True b) False
၂၄။ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဖြစ်ရခြင်းသည်ဘုရားမှဒဏ်ပေးခြင်းဖြစ်သည်။ က) မှန်သည် ခ) မှားသည်

25. HIV/AIDS can be transmitted from a mosquito bite and bed bug bite. a) True b) False
၂၅။ ခြင်ကိုက်ခြင်းနှင့်ကြမ်းပိုးကိုက်ခြင်းတို့ကြောင့်အိတ်ချ်အိုင်ဗွီပိုးကူးစက်သည်။ က) မှန်သည် ခ) မှားသည်



# Health ကျန်းမာရေး
## MESSENGER စေတမန်

ကျန်းမာရေးစေတမန်သည် ကျန်းမာရေးလုပ်သားများနှင့်၎င်းတို့၏ အသိုင်းအဝိုင်းတွင်ရှိသောပြည်သူများအတွက် ကျန်းမာရေးပညာများကို အဝေးသင်စနစ်ဖြင့် သင်ယူနိုင်သောမဂ္ဂဇင်းဖြစ်ပါသည်။
ဤမဂ္ဂဇင်းကို AMI မှ သုံးလတစ်ကြိမ် ပုံမှန် ထုတ်ဝေလျက်ရှိပါသည်။

ကျန်းမာရေးစေတမန်သည်ကျန်းမာရေးဆိုင်ရာသတင်းများနှင့်ဗဟုသုတများကိုကျန်းမာရေးစောင့်ရှောက်မှု မပြည့်စုံသောဒေသများအတွက်ရည်ရွယ်၍ထုတ်ဝေဖြန့်ချိပါသည်။ ဤရည်ရွယ်ချက်အောင်မြင်ရေးအတွက် ကျန်းမာရေးလုပ်ငန်းများနှင့်သက်ဆိုင်သူပုဂ္ဂိုလ်များအားလုံးမှ ဤစီမံကိန်းတွင် တက်ကြွစွာပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ လူတိုင်းသိရှိကြပြီးဖြစ်သည့်အတိုင်း သင်ကြားမှုများတွင် လူထုကိုယ်တိုင်ပါဝင်လုပ်ဆောင်ပါက ထိရောက်မှုရှိမည်ဖြစ်ပါသည်။
ဆေးမှူးများ၊ သူနာပြုများ၊ ဓါတ်ခွဲခန်းပညာရှင်များ၊ အိမ်တိုင်ရာရောက်ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းဆရာများနှင့် လူငယ်များ၏ ကျန်းမာရေးအတွက် တာဝန်ရှိသူများအားလုံး ဤလုပ်ငန်းတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။
ယာယီအကွသည် စခန်းများနှင့်စခန်းအပြင်ဘက်တွင်ရှိသော လူထုများ၏ ကျန်းမာရေးဆိုင်ရာ အခြေအနေများ ကောင်းမွန်တိုးတက်လာစေရန်အတွက် ၎င်းတို့အား ကျန်းမာရေးနှင့်ဆိုင်သောပြဿနာများနှင့်အသိပညာ ဗဟုသုတ များကို ပိုမိုတိုးပွားလာစေရန် ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။

ကျန်းမာရေးစေတမန်သည် ကျန်းမာရေးပညာပေးလိုသူများအား ကျန်းမာရေးနှင့် ဆေးပညာဆိုင်ရာ ပြဿနာများ၊ သတင်းအချက်အလက်များ၊ ဗဟုသုတများကို ဖလှယ်ရေးအတွက် အဓိကလုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**Health Messenger** is a distance learning magazine directed at health and social workers and their communities. It is published every three months by AIDE MEDICALE INTERNATIONALE.

**Health Messenger** aims at communicating health information and knowledge to those living in a reas where resources are limited. In order to achieve this purpose all those concerned about health problems should become actively involved in the project. Everyone is aware that teaching is more effective if the whole community is involved in the learning process.

Medics, nurses, laboratory technicians, home visitors, and school teachers should all join together in this effort.

All of us should try to gain more knowledge regarding health problems through any means available in order to help improve health conditions in the camps for temporarily displaced persons and also those outside the camps.

**Health Messenger** serves as one of the means for those who want to benefit from this knowledge and information exchange regarding health and medical problems.

AIDE MEDICALE INTERNATIONALE AMI

ECHO Humanitarian Aid Office

EUROPEAN COMMISSION